ကာင်းကင်တံခါးစာစဉ်




# သဃ်မတ်ခြင်း နှင့် အီဆာလေစဝါဗ်

ပြန်ဆိုရေးသားသူ
ရှိုင်ခုလ်ဟာဒီးစ် မော်လာနာ အဗ္ဗဒုလ် ဟဖီးဇ် (မဇ္ဇာဟေရီ)၏သား
မော်လဝီ မုဟမ္မဒ် သွာဟိရ် (မဟ်မူဒီ)



ကျမ်းမြတ်ကုရ်အာန်

# ဒသမ်ပတ်ခြင်း နှင့် ဒိုအာလေဝါဝ


ဖြန့်ဆိုရေးသားသူ

ရှိုင်ခုလ်ဟဒီးစ် မော်လာနာ အဗ္ဗဒုလ် ဟဖီးဇ် (မဇ္ဇာဟေရီ)၏သား

မော်လဝီ မုဟမ္မဒ် သွာဟိရ် (မဟ်မူဒီ)

မိုးကောင်းကင်တံခါးတစ်ခဉ်မှတင်ဆက်သည်

# ရှရီအာဿ်တရှားတော်အာရ

## ကျမ်းမြတ်ကုရ်အာန်
## ခသမ်းဖတ်ခြင်းနှင့် အီစလေစဝါဗ်
## ကုသိုလ်ပို့သခြင်း

*(စီစဉ်ရေးသားသူ)*


## မော်လာနာမုဖ်သီအာဗ္ဗဒုရ်ရအူဖ်

ပြန်ဆိုရေးသားသူ

ရှိုင်ခွလ်ဟဒီးစ်မော်လာနာ အာဗ္ဗဒုလ်ဟာဖိဇ်

(မဇ္ဇာဟောရီ)၏သား

မော်လဝီမိုဟမ္မဒ်ဘွာဟိရ်(မဟ်မူဒ်)

ဖေသန်းမောင်(မိန်ခြယ်)

စာမူခွင့်ပြုချက်အမှတ်- (၉၈)(၁၂)
မျက်နှာဖုံးပုံနှိပ်ထုတ်ဝေခွင့်- (၉၈)(၁

ပထမအကြိမ်အုပ်ရေ(၁၀၀၀)
၁၉၉၈-ဒီဇင်ဘာလ

**ထုတ်ဝေသူ**
ဦးမြသန်း(အသိုင်းအဝိုင်းစာပေ)
၂၃/ဇွဲစုံရပ်ကွက်၊ ကမ္ဘာအေး၊
ရန်ကုန်။

**ပုံနှိပ်**
ဦးမင်းလွင်
ရွှေဟင်္သာအော့(ဖ်)ဆက်
၅၁/ရေကျော်လမ်း၊ ရန်ကုန်

ဖြန့်ချိရေး(၁)
ဟစရည် မော်လနာ မာ မွတ်မာ မ်ဆာ
အစ္စလာ မ့်စာ ပေဖြန့်ချိရေး
အမှတ်–၆၄၊ ၃၀–လမ်း၊ ရန်ကုန်၊

ဖြန့်ချိရေး(၂)
အမှာ ညီနောင်
မော်လဝီဟာ ဖိဇ်မာ ရှုက်ခင်မောင်မြင့်
အမှတ်(၆/ ၈) မြရာ ကုန်းလမ်း
ရောင်နက်(က)ဗလီအနီး၊ ဖုံး–၂၀၀၆ရ၆
မင်္ဂလာ တောင်ညွန့်၊ ရန်ကုန်

ဖြန့်ချိရေး(၃)
နှင်းစိုးမိုးစာ ပေ
မော်လဝီဂါဇီကာရင်မ်ဘာခ်ရှ်(ခ)ဦးစိုးလွင်
၂၂၉–ဗိုလ်ချုပ်ပက်လမ်း(အထက်)
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်

ဖြန့်ချိရေး (၄)
ဟာ ဖိဇ်အဘူဘာကရ်ဘာ ဝါး
အမှတ်(၅၂)၊ ၂၈–လမ်း၊ ရန်ကုန်
ဖုံး–၂၈၀၃၁၉၊ ၂၈ရ၃၆၆

•

ဖြန့်ချိရေး(၅)
ဟာ ဖိဇ်ကြီး မိုဟမ္မဒ်လူလာ သ်
၂၆/ B လမ်း
83/84 ကြား
မန္တလေးမြို့၊

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၁။ | ကျွမ်းမြတ်ကုရ်အာန်နှင့်စပ်လျဉ်း၍တမန်တော်မြတ်၏ လက်တွေ့နမူနာ | ၁ |
| ၂။ | စုပေါင်း၍ ကျွမ်းမြတ်ကုန်အာန်(ခသမ်း)ဖတ်ခြင်းအလေ့ အထ | ၃ |
| ၃။ | ကုရ်အာရ်ခသမ်းဖတ်ခြင်းနှင့်ရက်(၄၀)ထမင်း | ၄ |
| ၄။ | တမန်တော်မြတ်၏စွန္နသ်ဓလေ့တော်ကထင်ရှားလှပေသည်။ | ၅ |
| ၅။ | စုပေါင်းကုရ်အာန်ခသမ်းဖတ်ခြင်းဓလေ့သည် ခိုင်မာသောအထောက်အထားမရှိ။ | ၆ |
| ၆။ | စုပေါင်း၍ ကုရ်အာန်ခသမ်းဖတ်ခြင်း၏ ဆိုးကျိုးများ | ၉ |
| ၇။ | ပြစာခြင်းနှင့်ကြွားဝါခြင်း | ၁၀ |
| ၈။ | စစ်မှန်သောကုရ်အာန်ခသမ်းဖတ်ခြင်း၏ စည်းကမ်းချက်(၃)ရပ် | ၁၁ |
| ၉။ | တစ်ဦးခြင်း အီစာလေစဝါဗ် ကုသိုလ်ပြုခြင်းသည် အလွန်လွယ် | ၁၅ |

| | | |
|---|---|---|
| | ကူလှပေးသည်။ | |
| ၁၀။ | ကုရ်အာန်ကျမ်းမြတ်တစ်အုပ် လုံး ကုန်အောင်ဖတ်ရွတ်ရန်တာဝန် | ၁၇ |
| ၁၁။ | လက်ညှိုးထောက်ပြီး ဗိစ္စမိလ္လာ ခသမ်းသိမ်းခြင်း | ၁၇ |
| ၁၂။ | ကုရ်အာခသမ်းသိမ်းပွဲ မပြီးမချင်း ထွက်သွားပိုင်ခွင့်မရှိခြင်း | ၁၉ |
| ၁၃။ | စဂျေဒါသေလာဝသ်မလုပ်ခြင်း | ၂၁ |
| ၁၄။ | အခြားသူများအတွက် စဂျေဒါ သေလာ ဝသ်လုပ်ခြင်း | ၂၂ |
| ၁၅။ | ပိရ်ဆရာကြီးအယောင်ဆောင် တစ်ဦးအကြောင်း | ၂၃ |
| ၁၆။ | နာမည်ရလိုမှုနှင့် ထင်ပေါ်ကြွား ဝါခြင်း၏ ဆိုးကျိုးများ | ၂၇ |
| ၁၇။ | မုံ့အချိုနှင့် ထမင်းကျွေးရသော တာဝန်တစ်ရပ် | ၂၈ |
| ၁၈။ | စွန္နသ်တော်တွင် ငြိမ်းချမ်းသာ ယာခြင်း | ၃၀ |
| ၁၉။ | ကွယ်လွန်သူသို့ ကုသိုလ်စဝါဗ် ပို့သနည်းအမှန် | ၃၁ |
| ၂၀။ | စူရာအိခ်လာစ်၏ ထူးမြတ်ခြင်းနှင့် ဘာရ်ကာသလ်မဂ်လာ | ၃၂ |

| | | |
|---|---|---|
| ၂၁။ | ဂျန္တသ်ဗိမာန်တွင် နန်းဆောင်တစ်ခု | ၃၄ |
| ၂၂။ | အီစလေစဝါဖ်ကုသိုလ်ပို့ပေးခြင်းဖြင့် မိမိရရှိမည့် ကုသိုလ်လျော့နဲမသွားခြင်း | ၃၆ |
| ၂၃။ | ကုသိုလ်စဝါဖ် ပို့ပေးခြင်းဖြင့် ကုသိုလ်လျော့မသွားခြင်း၏ ဥပမာနှစ်မျိုး | ၃၇ |
| ၂၄။ | အချို့သာသနာ့ပညာရှင်များအဆိုတွင် ကုသိုလ်စဝါဖ်ခွဲဝေပေးမှုရှိခြင်းအကြောင်း | ၃၉ |
| ၂၅။ | လွယ်ကူစွာ အီစာလေစဝါဖ်ကုသိုလ်ပို့သနည်း | ၄၀ |
| ၂၆။ | ကလေမာတော်(၇) သောင်းဖတ်ရွတ်ခြင်း၏ အကျိုးထူးမြတ်မှု | ၄၂ |
| ၂၇။ | မသေမီအလျှင်သေခြင်းအတွက် ကြိုတင်ပြင်ဆင်မှု | ၄၅ |
| ၂၈။ | ကွယ်လွန်သူက ရှင်နေသူကိုဆုံးမခြင်း | ၄၆ |
| ၂၉။ | စွဗ်ဟာနလ်လွှာ တစ်ကြိမ်၏အစားကုရ်အာန်ခသမ်း(၇)သောင်းဖတ်ခြင်းနှင့်လဲမည့်အကြောင်း | ၄၈ |

| | | |
|---|---|---|
| ၃၀။ | အသက်ရှင်ချိန်၌ တမလွန်အတွက်ကြို တင်ပြင်ဆင်မှုပြုလုပ်စို့ | ၅၀ |
| ၃၁။ | ကျမ်းမြတ်ကုရ်အာန် အကြိမ်တစ်သောင်းရှစ်ထောင် ခသမ်းဖတ်ရွတ်ခြင်း | ၅၂ |
| ၃၂။ | သူတော်စဉ်တို့၏ အချိန် ကာလများတွင် ဘရ်ကသ်မင်္ဂလာတိုးပွားမှုရှိခြင်း | ၅၄ |
| ၃၃။ | ဟာဇရသ်ရှား အစ္စမာအီးလ် (ရဟ)သွင် ကြီး၏ ကရာမသ်အံ့ဖွယ်ဖြစ်ရပ်ဆန်း တစ်ခု | ၅၅ |
| ၃၄။ | ကုသိုလ်အကျိုးစဝါဗ်သိန်းနှစ်ဆယ် | ၅၇ |
| ၃၅။ | ရှရီအသ်တရားတော်နှင့်အညီ အီစာလေ စဝါဗ်ကုသိုလ် ပို့ပေးခြင်း၏ အကျိုးကျေးဇူးများ | ၅၉ |
| ၃၆။ | အီစာလေစဝါဗ် ကုသိုလ်ကောင်းမှု၏မှန်ကန်သော နည်းလမ်းတစ်ခု | ၆၀ |
| ၃၇။ | သချိုင်းကဘာရ်များသို့ သွားရောက်သော စည်းကမ်းနှင့် ကုသိုလ်စဝါဗ်ပို့သခြင်း | ၆၃ |

# ကျမ်းမြတ်ကုရ်အာန်နှင့်စပ်လျဉ်း၍ တမန်တော်မြတ်၏လက်တွေ့ရှုမြင်နိုင်သော အသွင်သဏ္ဌာန်

ကျမ်းမြတ်ကုရ်အာန်သည် တမန်တော်မြတ် အပေါ် ကျွန်ုပ်တို့အား(ဟေဒါယတ်)လမ်းမှန် ရရှိစေရန် အလို ငှါ(အလ္လာအရှင်မြတ်က) ချမှတ်ပေးတော်မူခဲ့သည်။ ထို့ နောက် တမန်တော်မြတ် စွလ်လလ္လာဟို အလိုင်ဟေ့ ဝစလ်လမ်း ကိုယ်တိုင်ပင် ကုရ်အာန်ကျမ်းတော်မြတ်၏ သရုပ် ဖော်စံနမူနာပင် ဖြစ်ခဲ့တော်မူ၏။ တမန်တော်မြတ်၏ မည်သည့် မိန့်မြွက်ချက်မဆို မည်သည့်လုပ် ဆောင်ပြသ ခဲ့သည့် ပုံစံနှင့်ကျင့်သုံးခဲ့မှု ဟူသရွေ့တို့သည် ကျမ်းမြတ်ကုရ် အာန်၏ကျင့်သုံး ဆောက်တည်ရမည့် ပုံစံကျင့်သုံးမှုများ သာ ဖြစ်ခဲ့ကြသည်။ သို့မှသာ (လူတို့သည်) ကိုယ်တော်မြတ် သွင်စလ်လလ်လာဟိုအလိုင်ဟေ့ဝစလ်လာမ်န်း၏ ကိုယ် ကျင့်တရားများကို ကြည့်ရှုပြီး ကိုယ်တိုင်ကျင့်ကြံအား ထုတ် ကြမည်သာဖြစ်၏။ ထိုအခါ ကျွန်ုပ်တို့၏ ကိုယ်ကျင့်တရား တို့သည် ကုရ်အာန်ကျမ်းမြတ်၏ (အမိန့်အတိုင်း) ထပ်တူ ထပ်မျှ ဖြစ်ပေမည်။ ထို့ကြောင့် **ဟဒီးစ်သြဝါဒတော်တွင် ရှိရှိသမျှကုန်သော အရာဟူသရွေ့တို့သည် ကျမ်းတော် မြတ်ကုရ်အာန်၏(သဖ်စီရ်) အကျယ် ပြန်ဆိုမှုနှင့်(သရှ်ရီ) ရှင်းလင်းချက်များပင်ဖြစ်ချေ၏။**

ဤချမှတ်ထားသောမူ၏ အလင်းရောင်တွင် ကျွန်ုပ်

တို့သည် မိမိတို့၏ အခြေအနေအပေါ် ရပိုင်ခွင့်များကို ရယူ ရမည်သာဖြစ်ပေသည်။ ကျွန်ုပ်တို့တွေ့မြင်ရသော ဤကဲ့ သို့ကျင့်သုံးမှုတို့သည် တမန်တော်မြတ်ကြီး၏ ကျင့်သုံးခဲ့မှု တွင် မတွေ့ရှိခဲ့ပါမူ ၎င်းတို့ကို ကျွန်ုပ်တို့အ နေနှင့် (မှားယွင်း မှုဟူသရွေ့တို့ကို) ပြုပြင်လိုက်ရမည်သာ ဖြစ်ပေသည်။

အဘယ်သို့ဆိုသော် အလ္လာအရှင်မြတ်၏ ထံတော် ပါးတွင် ထိုသို့သော(အမလ်)ကျင့်သုံး တည်ဆောက်မှုကို သာ လက်ခံကဗူးလ်ပြုမည်ဖြစ်သည်။ အကြင်ကျင့်သုံးတည် ဆောက်ခြင်းတို့သည် တမန်တော်မြတ်၏ (စွန္နသ်တော်) နည်းစနစ်နှင့်အညီ ဖြစ်ရှိရပေမည်။ ရှရီအသ်တရားတော် နှင့်ထပ်တူထပ်မျှ ဖြစ်ရပေမည်။ အကြင်(အမလ်)ကျင့်သုံး ဆောက်တည်ခြင်းတို့သည် စွန္နသ်တော်နှင့် ဆန့်ကျင်သွေ ဖည်လျှက်ရှိပြီး မည်မျှပင်အကောင်းတကာ့ အကောင်းဆုံး လုပ်ရပ်တစ်ခုအနေနှင့် ဖြစ်ပေါ်ခဲ့ပါမူ (အလ္လာရှင်မြတ် လက်ခံကဗူလ်)ပြုလိမ့်မည်မဟုတ်ချေ။ ထို့ကြောင့် အလ္လာ့ထံ တော်ပါးတွင် လက်ခံမှုသည် နှစ်ဘဝသွင် ကျေးဇူးတော်ရှင် တမန်တော်မြတ် သွင်စလ်လ္လလ်လာဟိုအလိုင်ဟေ့ဝစလ် လာမ်န်း ၏ နောက်လိုက် ခြင်းသည်သာ အရေးကြီးဆုံးဖြစ်ပေသည်။ **တမန်တော်မြတ်၏ ဖဝါးခြေ ထပ်လိုက်နာခြင်းက အရေးကြီး လိုအပ်လှပေသည်။**

# စုပေါင်း၍ကျမ်းမြဲတိကုရ်အာန် (ခသမ်း)ဖတ်ခြင်းအလေ့အထ

ယခုခေတ်သာမယတွင် ဤကဲ့သို့သော အပြုအမူ တစ်ခုကိုတွေ့ကြုံ မြင်နေရပါသည်။ ဤအပြုအမူများ အပေါ် အထူးဂရုစိုက် ရန်လိုအပ်ပေသည်။ ယနေ့ ကျွန်ုပ် တို့၏ ပတ်ဝန်းကျင် အသိုင်းအဝိုင်းများတွင် များစွာသော အလေ့အထဖြစ်ပေါ်ခဲ့၏။ သို့သော် ထိုအလေ့အထတို့သည် စွန္နသ်တော် ဘောင်အတွင်းမှ ကြည့်ရှုပါက စွန္နသ်တော် နှင့်အညီဘာတစ်ခုမှ မတွေ့ရှိခဲ့ရပေ။ ဖြစ်ပေါ်နေသော အ လေ့အထမှာ ကျွန်ုပ်တို့ပတ်ဝန်း ကျင်အသိုင်းအဝိုင်းတွင် တစ်ဦးတစ်ယောက် သောသူ ကွယ်လွန်သေဆုံးသွားပါက ကဗရ်သင်္ချိုင်းတွင် မြှုပ်နှံသင်္ဂြိုလ်ပြီးနောက် ၎င်းကွယ် လွန်သူအတွက် ကုရ်အာန်ခသမ် ဖတ်ရန် ကြေငြာပေး လေ့ရှိသည်။ သို့သာမက ပါကစ္စတန်တွင် အချို့သောအခါ များတွင် သတင်းစာ ကြေငြာများတွင် ကွယ်လွန် သူ(မည် သူမည်ဝါ)အတွက် မည်သည့်နေရာ မည်သည့် အချိန်အခါ တွင် ကုရ်အာန်ခသမ်ဖတ်ရွတ်မည် ဖြစ်ကြောင်း ထုပ်ဖော် ကြော်ငြာကြသည်။ ထို့နောက် ရပ်ဝေးရပ်နီးမှ ခရီး နှင်ပြီး လူတို့သည် စုပေါင်းကုရ်အာန် ခသမ်းဖတ်ရန်အတွက် အလွန်အရေးကြီးလှသော ကိစ္စကြီးတစ်ခုလို ဂရုတစ်စိုက် လာရောက်ပါဝင်ကြသည်။

သို့သာမက အချို့သော နေရာဒေသများတွင် ဤအ

လေ့အထ ဓလေ့၏လွှန်ကဲမှု ဤမျှတိုင် ဖြစ်ရှိလျက်ရှိနေသည်။ လာမည့်သောကြာနေ့ မည်သူမည်ဝါ၏ အိမ်တွင် ခသမ်ဖတ်ရန် ဒုတိယအပတ်သောကြာတွင် မည်သူ့အိမ်၊ တတိယအပတ်သောကြာတွင် မည်သူ့၏အိမ် ဤကဲ့သို့ ရွာသူကြီးက အပတ်စဉ် တစ်အိမ်ပြီးတစ်အိမ် ခသမ်ဖတ်ရွတ်ခြင်း (စိလ်စေလာ) စဉ်တိုက်ဆက်တိုက် အစီအစဉ်များပြုလုပ်ရာ ပြီးဆုံးခြင်းမရှိနိုင်တော့သည် ခသမ်ဖြစ်သွားလေတော့သည်။

## ကုရ်အာ ခသမ်ဖတ်ခြင်းနှင့်ရက်(၄၀)ထမင်း

ရပ်ကွက်တစ်ခုတွင် လူတစ်ယောက်ကွယ်လွန်သေဆုံးသွားပါက ရက်(၄၀)တိုင်အောင် တစ်အိမ်ပြီးတစ်အိမ် ကုရ်အာန်ခသမ်ဖတ်ခြင်း အစီအစဉ် စဉ်တိုက်ဆက်တိုက် ဖတ်လေ့ဖတ်ထရှိခဲ့ရာ ထိုဖတ်ရွတ်နေသော အချိန်ကာလမှာပင် နောက်တစ်ဦး ထပ်မံကွယ်လွန်သေဆုံးသွားပါမူ နောက်ထပ် ရက်ပေါင်းလေးဆယ် ခသမ်ဖတ်ရမည့် အချိန်တစ်ခု ထပ်ဖြစ်သွားပြန်သည် ရက်ပေါင်း လေးဆယ်ပြည့်မှသာ ခသမ်အဖတ်ရပ်တန့်သွားပြီး ထိုရက်(၄၀)ပြည့်နေ့သည် အလွန်အရေးကြီးသောနေ့ ဟုမှတ်ယူပြီး ဂရုစိုက်၍ တကူး တကလာရခြင်း ထမင်းအကြွေးမွေး အထူးအစီအစဉ်တစ်ရပ်အနေနှင့် အလေးအနက်ထား ပြုလုပ်ကြလေသည်။

ထိုနေ့ အကြွေးအမွေးအစီအစဉ်ကို တစ်ရပ်ကွက်လုံး မပျက်မကွက် ပါဝင်ကြလေသည်။

# တမန်တော်မြတ်၏စွန့်သည်ခလေ့တော်က ထင်ရှားလှပေသည်

ကျွန်ုပ်တို့စဉ်းစားရန်မှာ ဤစုပေါင်း ကုရ်အာန်ခသမ်း ဖတ်ရွတ်သော ဓလေ့ထုံးစံ၏ အခြေအမြစ်က မည်သို့နည်း။ တမန်တော်မြတ် စလ်လွလ်လာဟိုအလိုင်ဟေ့ဝစလ်လာမ်နှ်း ၏ စွဟာဘာများက ဤသို့သော လုပ်ရပ်ပြုကျင့်ခဲ့ပါသလား တစ်စုံတစ်ရာ ခိုင်မာသော အထောက်အထား ရှိမရှိကိုရင်း၊ **မှတ်သားရန်မှာ** အကြင်အရာတို့သည် တမန်တော်မြတ်၏ စွန္နသ်တော်ဖြစ်ပါမူ ၎င်းတို့သည် ထင်ရှားခိုင်မာပြီး ညစ်နွမ်းမှု လုံးဝကင်းရှင်းပေမည်။ အဘယ်ကြောင့်ဆိုသော် တမန်တော်မြတ်သွင်စလ်လွလ်လာဟိုအလိုင်ဟေ့ဝစလ်လာမ်နှ်း သွင် ကိုယ်တော်တိုင်က ရွေးချယ်မိန့်မှတ်တော်မူထားသည် ၎င်းအချင်းအရာကို တမန်တော်မြတ်၏ စွဟာ ဘာအကြည်တော်များက ကျင့်သုံးကြပေမည်။ တမန် တော်မြတ်၏ကိုယ်စားလှယ် ခလီဖာကြီးလေးပါးတို့ကလည်း ၎င်းစွန္နသ်တော်ကို အထူးဂရုစိုက်ကြပေမည်။

ထိုပုဂ္ဂိုလ်မွန်တို့၏ နောက်ပိုင်းမျိုးဆက်များ ဖြစ်ကြသော သာဗေအီန် သဘာ့သာဗေအီန်း သူတော်စဉ်သူတော်ကောင်း သူမြတ်လောင်းတို့ပင် ထိုအရာများအပေါ်

ဖဝါးချေထပ် မှန်ကန်စွာ ကျင့်သုံးလိုက်နာကြလေသည်။ တမန်မြတ်၏စွန္နသ်တော်ဟူသရွေ့တို့သည် မျိုးဆက်တစ်ဆက်ပြီးတစ်ဆက် လက်ဆင့်ကမ်းပြီး ကျွန်ုပ်ထံသို့ ရောက်ရှိလာခဲ့ပေသည်။ ဤသို့ ရောက်ရှိလာခြင်းတွင် မည်သို့သောညစ်ထေးခြင်း လျှို့ဝှက်ထိန်ချန်ခြင်းများ မရှိခဲ့ပေ။

## စုပေါင်းကုရ်အာန်ခသမ်းဖတ်ရွတ်ခြင်း လေ့သည်ခိုင်မာသောအထောက်အထားမရှိ

ကျွန်ုပ်တို့သည် ဤစုပေါင်း ကုရ်အာန်ခသမ်းဖတ်ရွတ်ခြင်းကို ဂရုစိုက်၍ ကြည့်ရှုခြင်းနှင့် ဤလုပ်ရပ်အပေါ် မည်သို့သက်ရောက်ခြင်းရှိသည်ကို အသေအချာ စဉ်းစားဆင်ချင်ရပေမည်။ တမန်တော်မြတ်စွလ်လလ်လ္လာဟုအလိုင်ဟေ့ဝစလ်လာမ်န်း သက်တော်ထင်ရှား ရှိစဉ်နှင့် စွဟာဘာအကြည်တော်များ၏ ဘဝသက်တမ်းနှင့် ၎င်းတို့ပို့ချခဲ့သော သာသနာ့ ပညာရပ်ပိုင်းဆိုင်ရာတို့တွင် စူးစမ်းရှာဖွေခဲ့သော်လည်း ၎င်းတို့၏ အလေ့အထအစဉ်အလာနှင့် အခြေအနေပုံစံများအတူ မည်သည့်နေ့၌ ဤလုပ်ရပ်နှင့် ပတ်သက်သော မည်သည့်အမှတ်အသား လက္ခဏာသင်္ကေတကိုမှမတွေ့ ရှိခဲ့ရပေ။ အကယ်၍ ဤလုပ်ရပ်သည် အမှန်တကယ် နှစ်သက်စရာနှင့် စွန္နသ်တော်၏ ကျင့်စဉ်တစ်ခု ဖြစ်ခဲ့ပါမူ အလွန်ထင်ရှားလှပေမည်။ သို့သာမက တမန်တော် မြတ်စွလ်လလ်လ္လာဟု အလိုင်ဟေ့

ဝစလ်လာမ်န်းသ္ခင်ကိုယ်တော်တိုင် ဤလုပ်ရပ်ကို အလေး အနက်ထားရှိပေမည်။ တမန်တော်မြတ်၏ ရှေ့တော်မှောက် တွင် ကိုယ်တော်မြတ် အလွန်ချစ်သော စွဟာဘာများ ကွယ်လွန်ခဲ့၏။ ကိုယ်တော်၏ အချို့သော ဇနီးကြင်ယာ တော်များ ကွယ်လွန်တော်မူခဲ့၏။ သားတော်များ ကွယ်လွန် တော် မူခဲ့၏ သို့သာမက ကိုယ်တော်မြတ် ဆွေမျိုးသားချင်း အရင်းအချာ မိတ်ဆွေများ ကွယ်လွန်ခဲ့၏။ သို့သော် **တမန်တော်မြတ်စွလ်လလ်လ္လာဟိုအလိုင်ဟေ့ဝစလ်လာမ်နှ်း အနေနှင့် မိမိ၏စွဟာဘာများကို တစ်ဦး တစ်ယောက် ဆွေမျိုးသားချင်း မိသားစု ကွယ်လွန်သေဆုံး ခဲ့မှု့အပေါ် ကုရ်အာန်ခသမ်း စုပေါင်းဖတ်ရွတ်ပြီး ကွယ်လွန်သူအ တွက် အီဆာလေဆဝါဗ် ကုသိုလ်ဆဝါဗ် ပို့ပေးရန် အလို့ငှါ တစ်နေရာတွင် စုရုံးဖတ်ခိုင်းခြင်း မတ်စ်ဂျိဒ် ဒေ့နဗဝီ ပလီဝတ်ကျောင်းတော်ကြီးအတွင်း စုပေါင်းခသမ်း ဖတ်ရွတ် နိုင်သည်ဟု ကိုယ်တော်၏ မည်သည့် ကျင့်စဉ်၌ ထောက် အထားအဖြစ် မတွေ့ရှိခဲ့ရပေ။** သို့ရှိရာ ကိုယ် တော်၏ ဘဝသက်တမ်းတွင် မတွေ့ရှိရသော် ကိုယ်တော် ၏နောက် ခေတ်သမယ၌ တွေ့ရှိရန်ခဲယဉ်းလှပေသည်။ တို့ကြောင့် **အစ္စလာမ့်ခလီဖာသမ္မတ(၄)ပါးစလုံး၏ ခေတ်သမယ၌ သော်၎င်း၊ သာဗေအီ(ရဟ)သ္ခင်ကြီးများ၏။ ခေတ်သမယ တွင်လည်း ဤ(ကုရ်အာန်ခသမ်းဖတ်ရွတ်သော) အလေ့ အထသည် လုံးဝမတွေ့ခဲ့ရချေ။** အကြောင်းအရာများကိုပင် ကျွန်ုပ်တို့သည် အထောက်အထား အကိုးအကား

(ပြသနိုင်မည်လော?) ကျွန်ုပ်တို့၏ ဤလုပ်ရပ်သည် တမန်တော်မြတ်စွလ်လလ်လ္လာဟုိအလိုင်ဟေဝစလ်လာမ်နှင်း သခင်၏ မိန့်ဆိုချက် တစ်စုံတစ်ရာတွင် ရှိနေခြင်း သို့မဟုတ် တမန်တော်မြတ်ကိုယ်တိုင် ပြုကျင့်ခဲ့သည်ဟု လုံးဝပြသနိုင်ခြင်းမရှိပါ သို့သော်လည်း ယနေ့ကျွန်ုပ်တို့က ပြုလုပ်နေလျှက်ပင် ရှိနေသည်။ **အထောက်အထားမရှိသော လုပ်ရပ်သက်သေမထူပြနိုင်သော လုပ်ရပ်တို့သည် ၎င်းအလိုလိုပင် လုပ်ရန်မလိုအပ်သည်ကို ရှင်းပြစရာမလိုအောင် ထင်ရှားလွန်းလှပေသည်။ ဤအလေ့အထကို နောက်ပိုင်းလူများက ပြုလုပ်ခဲ့ကြလေသည်။ မိမိတို့ကိုယ်တိုင်တီထွင် ပြုလုပ်ခဲ့ကြလေသည်။** မိမိတို့ကိုယ်တီထွင် ပြုလုပ်ခဲ့သော လုပ်ရပ်တို့သည် အလ္လာရှင်နှင့် ထိုအရှင်၏ ရစူလ်တမန်တော်တို့ထံမှ မတွေ့ရှိခဲ့ရခြင်းကြောင့် ဤလုပ်ရပ်တို့တွင် စွန္နသ်တော်၏ အစဉ်သဏ္ဍာန်ကိုပင် မတွေ့ရသည်မှာ ထင်ရှားလွန်းလှသည်။ ထို့ကြောင့် ထိုကိစ္စရပ်၌ ရှရီအသ်တရားတော်နှင့် ဆန့်ကျင်သော အကြောင်းအချက်များစွာတို့ကိုလည်း ထင်ရှားစွာ တွေ့မြင်ရပေသည်။ ကျွန်ုပ်တို့ ကိုယ်တိုင်ပင်ဂရုတစ်စိုက်လေ့လာ ကြည့်ရှုပါကကို တွေ့မြင်သိရှိလာရပေမည်။

# စုပေါင်း၍ကုရ်အာန်ခသမ်းဖတ်ရွတ်ခြင်း၏ဆိုးကျိုးများ

ပမာအားဖြင့် နိုင်းပြရမည်ဆိုလျှင် ဦးစွာပထမ ဤ ဟဲ့သို့ စုပေါင်းကုရ်အာန်ခသမ်း ဖတ်ရွတ်သော ကိစ္စရပ် သည် နဖိလ်အလုပ် တစ်ခုသာဖြစ်မည် မလုပ်မနေရ (ဖ ရက်ဇ်) တာဝန်လည်းမဟုတ် လုပ်ရန်အလွန်အရေးကြီး သော (ဝါဂျိဗ်) တာဝန်လည်းမဖြစ် စွန္နသ်ကျင့်စဉ် တစ်ခု လည်းမဟုတ်ခဲ့ရာ နဖိလ်အဆင့်သာရှိသော ဤကိစ္စရပ် အပေါ်လူတို့ အတင်းအကြပ် စုရုံးစေခြင်း ဖိတ်ခေါ်မှု အစမ့်ပြုခြင်း ဤသို့ဖိတ်ကြားခြင်းအပေါ် မရောက်လာ သူ မစုဝေးနိုင်သူများကို စောဒကတက်ခြင်း၊ စိတ်ကွက်ခြင်း၊ စိတ်ဆိုးခြင်းတို့ဖြင့် "ဘယ်လိုလဲ မိတ်ဆွေခင်ဗျားကို ကျွန်တော် သေသေချာချာ ဖိတ်ထားတာတောင် ခင်ဗျား မလာဘူးနော်" ဟုစသဖြင့် ပြောဆိုကြသည်။ ဤသည် ပင် ရှရီအသ်တရားတော်တွင် မနှစ်မြို့စရာဖြစ်ပေသည်။ ရှရီအသ်တရားတော်၏ ဝေါဟာရတွင် ၎င်းအား (သဒါ ဒီ) ဟုခေါ်ဆိုသည်။ သို့သာမက မလာရောက်ခဲ့သူအ နေနှင့် မိမိ မရောက်ရှိလာနိုင်ခဲ့ရခြင်း (အုဇုရ်) အကြောင်းခံ ကို တင်ပြထားသော်ငြားလည်း ကျွန်ုပ်တို့ထံတွင် လက်ခံ နိုင်ဘွယ်ရာ မဟုတ်ဟု သတ်မှတ်လိုက်ကြသည်။ ထို့ကြောင့် ရှရီအသ် တရားတော်ကလည်း ဤသို့(တစ်ဖက်စွန်း ဆန်နေခြင်းကို) မနှစ်မြို့တော့ချေ။ ရှရီအသ်တရားတော်က နောက်ထပ်မ နှစ်သက်ရခြင်း အကြောင်းရင်းမှာ ဤခသမ်း

ဖတ်သော ကိစ္စရပ်သည် ဖရက်ဇ်မဟုတ် ဝါဂျိဗ်မဟုတ် စွန္နသ်ပင် မဟုတ် အဘယ်ကြောင့် ဖရက်ဇ်, ဝါဂျိဗ်အဆင့် သို့ပို့ထားကြသနည်း?

# ပြစ်မှားခြင်းနှင့်ကြွေးဝါခြင်း

ဒုတိယပြစ်ချက်မှာ ဤသို့ဖြစ်၏ ဤကုရ်အာန် စုပေါင်း ဖတ်ရွတ်ရာတွင် များသောအားဖြင့် ကြွေးဝါပြစ်မှား ရန်အတွက် ပါဝင်လာကြသည်။ အလ္လာ့အတွက် သက်သက် စေတနာဖြူစင်စွာ လာကြခြင်း မဟုတ်ချေ။

သို့သော် အကယ်၍ လာရောက်စုရုံးရန် တာဝန်မချ မှတ်ခဲ့ပါမူ သို့သာမက ဤသို့ကြေငြာခဲ့ပါလျှင် "မည်သူမ ဆို ကွယ်လွန်သေဆုံးသူနှင့် ပတ်သက် မည်သည့်နေရာ မည်သည့် အချိန်မဆို မိမိတက်ကုန် နိုင်စွမ်းရှိသလောက် အီဆာလေစဝါဗ် ကုသိုလ်အကျိုးရှိစေမှုကို ပြုလုပ်နိုင်ပါ သည်။ အသင်တို့ ကွယ်လွန်သူအား ကျေးဇူးပြုရာရောက် ပေမည် စသဖြင့်ကြေငြာပေးခြင်း ဤသို့သော ပုံစံ မျိုးတွင်မူ မည်သူမဆို မိမိတက်နိုင်သလောက် အီဆာလေဆဝါဗ် ပို့ခြင်းသည်က အလ္လာရှင်၏ ကျေနပ်နှစ်သက်မှု အတွက် ဖြစ်သွားမည် အကယ်၍ အနည်းငယ်မျှ ပြုလုပ်ခြင်းသည် လည်း အလ္လာနှစ်သက်မှုအတွက် ဖြစ်ရှိသွားမည် ဖြစ်ရာ ဤသည်ပင် အကောင်းဆုံး ဖြစ်ချေ၏။ ထို့ကြောင့်

မူလပထမက စုပေါင်းကုရ်အာန် ခသမ်းဖတ်ရွတ်ခြင်းမှာ ပြစားမှု ပြိုင်ဆိုင်ကြွားဝါမှုများသာ ဖြစ်ရှိနေသောကြောင့် ကုရ်အာန်ဖတ်ခြင်းတွင် စိတ်စေတနာ ဖြူစင်မှုရှိတော့မည် မဟုတ်ချေ။

# စစ်မှန်သောကုရ်အာန်ခသမ်းဖတ်ခြင်း၏ စည်းကမ်းချက်သုံးရပ်

ဟဇရသ်ကြီး ဟကီမွလ်အွမ္မသ်မော်လာနာ အရှရဖ် အလီထာနဝီ(ရဟ်မသွလ်လွာအလိုင်)သွင်ကြီး၏ အကြောင်းအရာ တစ်ခုပင်ဖြစ်၏။ ဟဇရသ်ကြီး ကာန်းပူရ်မြို့တွင် ကျောင်းဆရာလုပ်ခဲ့စဉ်က သွင်ကြီးတပည့်တစ်ဦးက အဖြစ်ပျက် အကြောင်းအရာတစ်ခုကို ပြောပြခဲ့၏၊ တစ်နေ့သောအခါ ကျွန်တော်တို့ သွင်ကြီးထံ သင်ခန်းစာဖတ်ရန် သွားသည်။ စာသင်ခန်းထဲတွင်သွင်ကြီး ဝမ်းနည်းပူဆွေးစွာ ထိုင်နေသည်ကို တွေ့ခဲ့ရသည်။ သွင်ကြီးစိတ် ဆင်းရဲနေခြင်းညှိုးနွမ်းနေမှုကို တွေ့မြင်ကာ ကျွန်တော်တို့က သွင်ကြီး ဘာဖြစ်နေသနည်းဟု မေးမြန်းခဲ့ကြသည်။ အဘယ်ကြောင့် ဤသို့ပူဆွေးမှိုင်ဝေနေပါသနည်း။ သွင်ကြီး ပြောကြားသည်မှာ အိမ်မှစာရောက်လာသည် ကျွန်ုပ်၏အစ်မကြီး ကွယ်လွန် သေဆုံးသွားသည်ကို သိခဲ့ရသည် ထို့ကြောင့် ဤသို့စိတ် မကောင်းဖြစ်နေရပါသည်။ ထိုအခါ တပည့်အားလုံးက ကျွန်တော်တို့အားလုံး ယနေ့စာ

မဖတ်တော့ပါဟု ပြောလေရာသွင် ကြီး ကျွန်ုပ်အသင်တို့ စာသင်ရန်လာခဲ့သည်ဟု ပြောကြား လေသည်။

ကျွန်ုပ်တို့အနေနှင့် ခန့်မှန်းသုံးသပ်နိုင်ပေသည် သွင်ကြီးက မိမိအစ်မကြီး ကွယ်လွန်သေဆုံးမှုအပေါ် ဝမ်းနည်းသော အထိမ်းအမှတ်အဖြစ် လှူစုလှူဝေး မပြုလုပ်ခဲ့ပေ ပူဆွေးဝမ်းနည်းရှိလျှက်နေသည် သို့သော်လည်း မိမိအလုပ် တာဝန်ဝတ္တရားအတွက် လာရောက်ခဲ့သည်။

မည်သည့်အခါ တပည့်တပန်းများက စာဖတ်ရန်အတွက် ငြင်းဆန်သောသော်လည်း အတင်းအဓမ္မစာဖတ်ရန် မတိုက်တွန်းခဲ့ပေ ထို့နောက် ကျောင်းသားများက ကျွန်တော်တို့ ဤစာသင်ချိန်၌ ကွယ်လွန်သူအတွက် ကျမ်းမြတ်ကုရ်အာန်ဖတ်ရွတ် သရဗ္ဗယ်မှု ပြုကြမည်ဟု တောင်းဆိုလာသောအခါ **အချို့သော စည်းကမ်းချက်များကို လိုက်နာနိုင်မှသာလျှင် ခွင့်ပြုမည် သို့မဟုတ်ပါက ဖတ်ရန်မလိုအပ်ပါဟု ပြောကြားခဲ့၏။**

တဖန်မိန့်ကြားခဲ့သည်မှာ **အသင်တို့အားလုံး (တစ်နေရာတည်းတွင်) စုဝေး၍ မဖတ်ရ သို့သာမက တစ်ဦးတစ်ယောက်ခြင်း အနေဖြင့် ဖတ်ရွတ်ရမည်။**

ဒုတိယစည်းကမ်းချက်မှာ **မည်သူမည်မျှဖတ်ရမည်ဟု မသတ်မှတ်ရ တက်နိုင်သလောက် အလွယ်ကူဆုံးနည်းဖြင့်ဖတ်ရွတ် စဝါဗ်ကုသိုလ်ပြုလုပ်ရမည်ဖြစ်သည်။** အကယ်၍ကုရ်အာန် တစ်ပါရာ ဖတ်နိုင်လျှင် တစ်ပါရာ ပါရာတစ်ဝက် ဖတ်နိုင်က တဝက်သာဖတ်၍ (၃)ပုံ(၁)ပုံ

ဖတ်နိုင်ကဖတ် လိုက်ရမည် သို့မဟုတ်ပါက အနည်းဆုံး စူရာအခ်လာစ်(ကွလ်ဟိုဝလ်လွာ)အစဆုံး (၃)ကြိမ်ဖတ်လိုက်ရပေမည်။ **ကုရ်အာန်ကျမ်းမြတ် ခသမ်းဖတ်ရန် အရေးမကြီးလှပေ။**

တတိယစည်းကမ်းချက်မှာ ဤသို့ဖြစ်၏ **အသင်တို့ဖတ်ရွတ်ပြီး အီစာလေဆဝါဗ်ကုသိုလ် ပို့ပြီးနောက်မည်သည့် ကျောင်းသားတစ်ဦး တစ်ယောက်မှ ကျွန်ုပ်ထံလာရောက် ပြသရန်မလိုပေ။** သွခ်ကြီးခင်ဗျာ ကျွန်တော်အနေနဲ့ သွခ်ကြီး၏ ကွယ်လွန်သူ အစ်မကြီးအတွက် ဤမျှ ကုရ်အာန် ဖတ်ရွတ်ခဲ့ပါသည်ဟု ကျွန်ုပ်အား ဖော်ပြရန်မလိုပါ။ **ဤတတိယစည်းကမ်းချက်တွင် စိတ်စေတနာ ဖြူစင်မှုအတွက် ပညာပေးခြင်းပင် ဖြစ်ပေသည်။** ထို့ကြောင့် အသင်တို့ပြသရန် နိယသ်စိတ်ဓါတ်ဖြင့် ဖတ်ရွတ်ပါမူ အိခ်လာခ်စေတနာ ဖြူစင်ခြင်း အဘယ်မှာ ရှိနိုင်မည်နည်း ဤပုံစံအနေအထားမျိုးတွင် အသင်တို့သည် မိမိကိုယ် မိမိအတင်းအဓ္ဓမ ပါရာအများတကာ့ အများဆုံးဖတ်မည် သို့ရှိရာ စိတ်ထဲတွင် ထိုသို့ပေါ်ပေါက်လာမည် အဘယ်သို့ဆိုလျှင် ကျွန်ုပ်အနေနှင့် တစ်ပါရာဖတ်ပြီး ပြသမည်တစ်ပါရာဖတ်ခဲ့သည်။ သို့ရှိရာ သွခ်ကြီးက ဘာလဲ တစ်ပါရပဲဖတ်ခဲ့သလား?ဟုဆိုမည်။

သို့ပါသောကြောင့် ကျွန်ုပ်တို့ကို ဤမျှခန့် ချစ်ခင်သည် ကျောင်းသားတိုင်းအပေါ် အတင်းအဓ္ဓမအများဆုံး ဖတ်ရန်ကြိုးစားဖတ်ရွတ်ပါလျှင် ထိုဖတ်ရွတ်ခြင်းတွင် (အ

တင်းအဓွမပြိုင်ဆိုင်မှုကြောင့်) စိတ်စေတနာ ဖြူစင်မှုကင်းသွားပေမည်။ **စေတနာမဲ့သော ဖတ်ရွတ်မှုတွင် မည်သည့်ကုသိုလ်အကျိုး စဝါဗ်ရရှိနိုင်မည်နည်း။**

သို့သော် ဤသတ်မှတ်မှုကို ပြဌန်းလိုက်သည် မိမိဖတ်ခြင်းကို မည်သူတစ်ဦးတစ်ယောက်မှ ကျွန်ုပ်ထံ လာပြရန်မလိုပါ။ ပြသရန်မလိုအပ်သောကြောင့် ကျောင်းသားများ မိမိတို့ဖတ်နိုင်သလောက် ရွတ်ဖတ်ခြင်းကသာ စေတနာပါသော ဖတ်ရွတ်ခြင်းဖြစ်ချေမည်။ **စိတ်စေတနာ ဖြူစင်စွာ (၃)ကြိမ် (၃)ခါစုရာအခ်လာစ် ဖတ်ရွတ်ခြင်းသည် စေတနာမပါပဲ ကုရ်အာန်ဖတ်ခြင်ထက် ဧကန်မုချ သာမြတ်ပေသည်။**

သို့ရှိရာ ကျွန်ုပ်တို့အနေနှင့်လည်း မိမိတို့အတွက် အထက်ပါ စည်းကမ်းချက် (၃)ခုကို ကျင့်သုံးလိုက်နာရယူလိုက်ပါလျှင် ကျွန်ုပ်တို့၏ ကျမ်းမြတ်ကုရ်အာန် ဖတ်ရွတ်သရဇ္ဈယ်ခြင်းသည်ပင် ဖြောက်မတ် မှန်ကန်လာလိမ့်မည်ဖြစ်ပေသည်။ ယခုလက်ရှိ ကျွန်ုပ်တို့၏ ကျမ်းမြတ်ကုရ်အာန်ခသမ်းဖတ်ရွတ်မှုတွင် ဤမကောင်းမှု (၃)မျိုးသာရှိနေသည်။ အကြောင်အချက်များအရ စွန္နသ်တော်၏ အလင်းရောင်မတွေ့ရှိရပေ။

စိတ်စေတနာ ဖြူစင်မှုက အသက်မဲ့နေသည် ၎င်းအချက်တို့ကြောင့် အချို့သော အခါများတွင် ကုသိုလ်ရရှိမည့်အစား အကုသိုလ်အပြစ်ငရဲ ဖြစ်သွားမည်ကို စိုးရိမ်နေရသည်။ ထို့ကြောင့် ကျွန်ုပ်တို့အနေနှင့်လည်း ဘောင်

ဝင်သော အထက်ဖော်ပြခဲ့သော စည်းကမ်း(၃)ခုကို မှတ်သားနာယူထားသင့်ပေသည်။ အမြဲတစေ ဤနည်းအတိုင်း လိုက်နာကျင့်သုံးသင့်ပေသည်။ သို့ရှိရာ

ကျမ်းမြတ်ကုန်အာရ် တစ်အုပ်လုံး ခသမ်းကုန်အောင် ဖတ်ရွတ်ရန် အရေးလိုအပ်သော ကိစ္စရပ်မဟုတ်ခြင်းကို အလေ့အထ မပြုလုပ်ရ သို့သာမက လူတိုင်းလူတိုင်း မိမိတို့ အနေနှင့် မည်သည့်အချိန်အခါ မည်သည့်နေရာမဆို ဖတ်နိုင်သလောက် ဖတ်ရွတ်စေခြင်းနှင့် ဤသို့ဖတ်ရွတ်ပြီး နောက် အီစာလေစဝါဗ်ကောင်းမှုကုသိုလ် ပြုလုပ်ရမည် ဖြစ်ပေသည်။

## တစ်ဦးခြင်းအီစာ လေစဝါဗ် ကုသိုလ်ပြုခြင်းသည် အလွန်လွယ်ကူလှပေသည်။

တစ်ဦးချင်း ကွယ်လွန်သူအား အီစာလေစဝါဗ် ကုလ်ပို့ သခြင်းသည် ဤမျှပင် လွယ်ကူလွန်လှပေသည်။ အ ကြောင်းမှာ နေ့စဉ်နေ့တိုင်း ပြုလုပ်နိုင်သည် မိမိ သက်တမ်း တစ်လျှောက်လုံးတွင် ပြုလုပ်နိုင်၏ ထို့ကြောင့် စုရုံးမှုတွင် သောကပေါင်းစုံ ဖြစ်ပေါ်နိုင်သည် ခရီးရှည် သွားရန် လိုအပ်မည်။ အားလုံးတစ်နေရာမှာပင် စုဝေး ရန်အလွန် ခက်ခဲမှုရှိရာ တစ်ဦးချင်း ပြုလုပ်ရာတွင် အလွယ်ကူဆုံး ဖြစ်သည်။ ၎င်းနောက် ဤအချက်သည်

ရှုရီအသ်တရားတော်နှင့် အညီဖြစ်သည် ကုရ်အာန်
တစ်အုပ်လုံးကုန်အောင်ဖတ်ရန်တာဝန် သတ်မှတ်ခြင်းသည်
လွယ်ကူသော အလုပ်မဟုတ်ပေ အဘယ်ကြောင့်ဆိုသော်
လူတို့အတွင် အချိန်အားလပ်မှု ရှိရန်လည်း ခက်ခဲ၏။
တစ်ခါတစ်ရံ အားလပ်မည် တစ်ခါတစ်ရံ မအားမလပ်
ရှိနေမည် တစ်ခါတစ်ရံ အရင်လိုမည် တစ်ချို့တွင်မူ
ကျန်းမာရေး ချို့တဲ့နေမည် ယခုအားလုံးစုရုံး ရန်တာ
ဝန်ပေးခြင်းကြောင့် ချိုပြီး၊ တုတ်ပြီး ထိုင်ခိုင်ထား သောသလို
ဖြစ်ရှိနေမည် ထို့နောက် (၃)ပါရာ အနည်း ဆုံးမည်
သို့ပင်ဖြစ်စေ (တစ်ဦးချင်း ဖတ်ပေးရဦးမည် ဤ အချက်အ
လက်တို့ကြောင့် မြန်မြန်ဆန်ဆန် ဖတ်ရွတ်နေခြင်းတွင်
စာလုံးအက္ခရာ များကို ပီသမှန်ကန် ဌှန်ကရိုင်း ကျအောင်
ဖတ်ရွတ် သူသည် ကျိန်စဲခံထိုက်သူ ဖြစ်သွားလေတော့
သည်။ အချို့သော မိန့်ဆိုချက်တွင် လာရှိပေသည်။
မြောက်များစွာသော ကုရ်အာန်ဖတ်သူတို့သည် ဤသို့
သော အခြေအနေမျိုးတွင် ရှိနေသည် ကုရ်အာန်ကျမ်း
မြတ်သည် ၎င်းဖတ် သူတို့အား ကျိန်စဲမှု ပြုလေသည်
သို့ရှိရာ ကုရ်အာန်၏ ကျိန်စဲမှု့ခံနေရပါလျှင် ကုသိုလ်စဝါဂ်
အဘယ်သို့ ရနိုင် မည်နည်း သို့သာမက ဖတ်ရွတ်သူသည်
အပြစ်အကုသိုလ် ကျူးလွန်နေခြင်းသာ ဖြစ်ရှိနေမည်
အဘယ်သို့ဆိုသော် ကျမ်းမြတ်ကုရ်အာန်၏ စာလုံးအက္ခရာ
များမှာ (ဝါဂျိဗ်) အရေးကြီးသော တာဝန်တစ်ရပ်ဖြစ်ပြီး
၎င်းဥပဒေနှင့် ဆန့်ကျင်၍ ဖတ်ခြင်းအပြစ်ပင် ဖြစ်ပေမည်။

# ကျမ်းမြတ်ကုရ်အာန်တစ်အုပ်လုံးကုန်အောင် ဖတ်ရွတ်ရန်တာဝန်

တစ်ထိုင်တည်း လူတစ်ယောက်လျှင် (၃)ပါးရာ စီဖတ်ရန် တာဝန်ပေးစေခြင်း အလွန်ခက်ခဲ ဒုက္ခရောက် စေခြင်းမှာ ၎င်းအတွက် အချို့သော အချိန်အခါများတွင် လူ အနည်းငယ်သာ စုဝေးမိခြင်း ဦးစွာပထမ ဖတ်ရန်တာ ဝန် ရရှိခြင်းကြောင့် လူကနည်းပြီး စာအုပ်က ပုံနေခြင်း တို့က ၎င်းအတွက် ဒုက္ခကြီးတစ်ခုသဖွယ် မှတ်ယူခံစား နေရသည်။ ထိုမကုန်နိုင်သော စာအုပ်ပုံကို ကြည့်ပြီးထိတ် လန့်နေမည် သို့သာမက ဤစာအုပ်ပုံသည် (၂)နာရီနှင့် ဖတ်၍ကုန် နိုင်မည်မဟုတ်ဟု စဉ်းစားနေပြီ ၎င်းတို့အပေါ် ကုရ်အာန်ဖတ် သရွှယ်ခြင်းကို အကျိုးကုသိုလ် စဝါဗ်ပြုခြင်း ဟုမှတ်ယူပြီး ဖတ်ရမည့်အစား ဒုက္ခတစ်ခု ခေါင်းပေါ်တွင် ရွက်ထားရ သလိုနေပါတော့သည်။

## လက်ညှိုးထောက်ပြီးဗိန္ဓမိလ္လာခသမ်းသိမ်းခြင်း

ကုရ်အာန်ခသမ်းပါရာ (၃၀)လုံးစုပေါင်း ကုန်အောင် ဖတ်မည်ဟု တာဝန်သတ်မှတ်ပေးခြင်းကြောင့် ထိုဖတ်မည် သူများတွင် ဤသို့သော သူများလည်း ပါဝင်တတ်ပေသည် အကြင်သူတို့သည် ကုရ်အာန်ကျမ်းမြတ်ကို ဖတ်တက်ရွတ်

တတ်ခြင်းမရှိ သို့သော်အားလုံး ဝိုင်းထိုင်လိုက် သောကြောင့် ၎င်းလည်းယောင်တောင်တောင်နှင့် ဖတ်သလို အမူအရာနှင့် ဝင်ထိုင်ပြီး ပါရာတစ်အုပ်ကို ယူလိုက်သည်။ ထို့နောက် အစမှအဆုံးတိုင် ဗိစ္စမိလ်လ္လာခ သမ်းဟုခေါ်ဆိုသည်။ ၎င်းနောက် ဗိစ္စမိလ်လ္လာကိုသာ ဖတ်ရွတ်နေသည် ၎င်းကို ဤသို့သောသူများလည်း ရှိသေးသည်။ ၎င်းမှာ ဗစ္စမိလ်လ္လာပင်ကောင်း စွာဖတ်ရွတ်နိုင်ခြင်းမရှိ။ အထက်ဖော်ပြပါ ဗိစ္စမိလ်လ္လာ ခသမ်းသိမ်းနည်းကိုလည်း မကျွမ်းကျင်သူဖြစ်ကောင်းဖြစ် လိမ့်မည်. ထိုသူက ဤသို့ပြုလုပ်ပါသည် ကုရ်အာန်ကိုဖွင့်ပြီးစာကြောင်းများအပေါ် လက်ညှိုးထောက်ထောက်ပြီး ပါးစပ်တစ်လှုပ်လှုပ် ခေါင်းတညိတ်ညိတ်နှင့် ကုရ်အာန် တစ်ပါရာစီကို ကုန်အောင်လုပ်ပြလိုက်သည်။ ၎င်းကိုလက် ညှိုးထောက်ခသမ်းဟု ခေါ်ဆိုသည် "အသင်တို့ပင်စဉ်းစား ကြည့်ကြပါလေ ကုရ်အာန်နှင့် ဟဒီစ်းကျမ်းဂန်များတွင် မည်သည့်နေရာ အခန်းကဏ္ဍ၌ ဗိစ္စမိလ်လ္လာခသမ်း ရှိပါသနည်း? ဤဒုက္ခအခက်အခဲတို သည် စုပေါင်းဖတ်ရွတ် ရန်တာဝန်ပေးထားခြင်းအပေါ် ဖြစ်ပေါ်လာသော လုပ်ရပ် များပင် ဖြစ်ချေ၏။ (အဘယ်ကြောင့်ဆိုသော် မိမိတို့က အစဉ်အလာကြီးတစ်ခု ဖန်တီးခဲ့သည် မဟုတ်ပါလော) ထို့ကြောင့် ဌာချက်အပေါ် ဆက်ဆက် လာခဲ့ပါမည်ဟုကတိ ပေးပြောကြားရမည်မှာ အရေးကြီးဆုံး ကိစ္စရပ်တစ်ခုဖြစ် နေသည် ထိုကြေငြာချက် သည်ပလီဝတ်ကျောင်းတော်မှ အာဇန်ပေးဖိတ်ခေါ်သံ

ထက်ပင် ပိုမိုလေးနက်နေသည့် ရှိရှိ ကုန်သော(ဘေနမာဇီ) နမာဇ်မဖတ်သော သူတို့သည် အာဇာန်သံကြားပါလျှက် ပလီသို့လာလိမ့်မည်မဟုတ် သို့ သော် ကုရ်အာန်ခသမ်း သိမ်ကြော်ငြာချက်ကြားကြားခြင်း၊ ၎င်းတို့သည် ရှေ့ဆုံးမှ ရောက်နေမည်ဖြစ်သည်။

## ကုရ်အာန်ခသမ်းသိမ်းပွဲမပြီးမချင်း ထွက်သွားပိုင်ခွင့်မရှိခြင်း

ကျမ်းမြတ်ကုရ်အာန် ပါရာ(၃၀)လုံး ဖတ်၍မကုန်မချင်း မည်သူတစ်ဦးတစ်ယောက်မှ ထိုဝိုင်းမှထ သွားပိုင်ခွင့်မရှိ ထိုင်ဝိုင်းတွင် ဖတ်ရင်းဖတ်ရင်း စိတ်ငြီးငွေ့ နေပကော့သည်။ အရေးတကြီးသွားစရာ ကိစ္စတစ်ခုကလည်း ရှိနေပြန်သည်။ သို့သော် ခလေ့ထုံးစံ ရှိနေသည်က (၃)ပါရာ အကုန်မဖတ်ပြီးမချင်း ဤနေရာမှ ထသွား၍မရ (ဟန်ဆောင်၍ စိတ်ပါဝင်စားမှုမရှိပဲ ဖတ်နေရသည့် ဒုက္ခကြီးကတစ်မျိုး ထို့ကြောင့် **ဟာဇရသ်မော်လါနာ အရှရဖ်အလီထာနဝီရဟ်မသွလ်လ္လါအလိုင်သွင်ကြီး၏ စကားရပ်တစ်ခုကို သတိရမိသည်။ အထူးမှတ်သားသင်သည် မည်၍မည်မျှဖတ်ရမည်ကို ကန့်သတ်ချက်မထားရ အဘယ်ကြောင့်ဆိုသော် အလ္လာ့အတွက် ဖတ်ရွတ်နေခြင်းအပေါ် စိတ်စေတနာပါခြင်းသာ အဓိကဖြစ်သောကြောင့် အကယ်စေတနာ**

ပါပြီး တစ်အာယသ်ဖတ်ခြင်းသည် စေတနာ(အခ်လာစ်) မပါပဲဖတ်ရွတ်သောတစ်ပါရာထက် သာမြတ်လွန်းလှပေသည်။ ဒုတိယအချက်မှာ မိမိတို့နေအိမ် (သို့မဟုတ်) မိမိတို့အတွက် လွယ်ကူမှုရှိသောနေရာတွင် ဖတ်ရွတ်ခြင်း၊ မိမိတို့အတွက် အားလပ်မှုရှိပြီး အချိန်ရသလို အလွယ်တစ်ကူ ဖတ်ရွတ်နိုင်ခြင်း ထိုနည်းအတိုင်း ကျမ်းမြတ်ကုရ်အာန်ကို အလ္လာ အရှင်မြတ်အတွက် ဖတ်ရွတ်ပြီး အီစာလေစဝါဗ် ကုသိုလ် ကောင်းမှုကို ကွယ်လွန်သူသို့ ပို့သရန်သာ ဖြစ်သည်။ မိမိမည်မျှ ဖတ်ရွတ်ခဲ့သည်ကို ကွယ်လွန်သေ ဆုံးသူ၏ မိသားစု အမွေစား အမွေခံ ကျန်ရစ်သူများအား ပြသရန်မလိုအပ်ပေ။

အမှန်ပင်စစ် အီစာလေစဝါဗ် ကုသိုလ်ကောင်း မှုပြုခြင်းသည် အလ္လာအတွက် ဖတ်ရွတ်ခြင်းသာဖြစ်၍ အလ္လာနှင့် ဖတ်ရွတ်သူတို့ နှစ်ကိုယ်ကြား ကိစ္စသာဖြစ်၍ ကွယ်လွန်သူမိသားစုအနေနှင့် ကျွန်ုပ်၏ ကွယ်လွန်သေ ဆုံးသွားသူအတွက် မည်၍မည်မျှ ဖတ်ခဲ့ပါသနည်း?ဟု မေးစရာအကြောင်းမရှိ နဂိုမူလကတည်းက ကျွန်ုပ်တို့ အစဉ်အလာဓလေ့ထုံးစံအဖြစ် ကွယ်လွန်သူမိသားစု၏ ကြေငြာချက်နှင့် မည်၍မည်မျှ ဖတ်ရန်သတ်မှတ်ပေးခြင်းတို့ကို တာဝန်ကြီးတစ်ရပ်အနေနှင့် အကျုံးဝင်စေခဲ့သောအခါ ရှရီအသ်တရားတော်တွင် ပြဋ္ဌာန်းမထားသော အရာအားလုံး တို့သည် မလုပ်မနေရ ဘာဝန်ကြီးတစ်ခုလို ဖြစ်ပေါ်လာပြီး ကျွန်ုပ်တို့သည် မလိုအပ်ပဲ ကိုယ့်ဒုက္ခ ကိုယ်ရှာနေသကဲ့ သို့ဖြစ်ရှိသွားလေတော့သည်။

# စဂျေဒါသေလာ၀သ်မလုပ်ခြင်း

စုပေါင်း၍ ဖတ်ရွတ်ခြင်းဖြင့် ဖြစ်ပေါ်လာလေ့ ရှိသော နောက်ဆိုးကျိုးတစ်ခုလည်း ရှိသေးသည်။ ၎င်းမှာ ကျွန်ုပ်တို့တွင် ကုရ်အာန်ကျမ်းတော်မြတ်ကို သင်ပေးသင်ယူ အစီအစဉ်များကလည်းမရှိသလောက်ပင် ဖြစ်နေခဲ့ရာ ကုရ်အာန်နှင့်ပက်သက်သော အရေးကြီး ပြဿနာတစ်ခုမှာ ဤသို့ဖြစ်၏ ကုရ်အာန်ကျမ်းတော်မြတ်တွင် နေရာ (၁၄)ခုတွင် စဂျေဒါပြုရန် (၀ါဂျိဗ်)တာ၀န် ထိုက်ပေသည်။ မည် သူမဆို စဂျေဒါပြုရန် ၀ါဂျိဗ်ထိုက်သော အာယသ်တော်များကို ဖတ်ရွတ်လိုက်ခြင်းဖြင့် ၎င်း၏ဖတ်ရွတ်ခြင်းကိုကြားမိ လိုက်ရ ပါမူ ဖတ်ရွတ်ခြင်း ကြားမိခြင်းတို့အပေါ် စဂျေဒါပြုရန် ၀ါဂျိဗ်တာ၀န် ထိုက်သွားပေသည်။

သို့ရှိရာ ဤသို့စုပေါင်း၍ ကုရ်အာန်ခသမ်း အကုန် ဖတ်ရွတ်ခြင်းကို အားလုံးစု၍ ဖတ်လိုက်ကြပါသည်။ သို့သော် စဂျေဒါသေလာ၀သ် ပြုလုပ်သူကို မတွေ့ရသလောက်ပင်ဖြစ်နေသည်။ အဘယ်ကြောင့်ဆိုသော် အချို့သူများသည် မည်သည့်အမိန့် မည်သည့်လုပ်ဆောင်ချက်ကို စဂျေသေလာ၀သ်ဟု ခေါ်ဆိုသည်ကိုပင် နားမလည်ကြချေ။ အဘယ်ကြောင့် စဂျေဒါလုပ်ရသည်ကိုပင် မသိရှိကြပေ။ ဤမသိနားမလည်ကြခြင်းကြောင့် ၎င်းအပေါ် တာ၀န်တစ်ရပ် အဖြစ်ကျန်ရစ်ခဲ့လေတော့သည်။ ကုရ်အာန်

ဖတ်ရှုတ်သရ ရှုယ်မှု၏ နဖိလ်ကိစ္စရပ်မှာ ပြီးဆုံးသွားသော်လည်း မိမိလည် ဂုတ်ပေါ်တွင် ဝါဂိုဗ်တာကမူ အကြွေးတင်ရကျန်ရစ်ခဲ့လေတော့သည်။ ထို့နောက် သက်တမ်းတစ်လျှောက်လုံး ထိုအကြွေးဆပ်ရန်ပင် သောင်ဖီးက်စွမ်းအား မရှိတော့ပေ။ ထိုအကြွေးကျန်အဖြစ်နှင့် လောကကို နှုတ်ဆက်ကွယ်လွန် သေဆုံးသွားခဲ့သည်။ ထိုဝါဂိုဗ်တာဝန် အကြွေးကိုပါ သယ်ဆောင် သွားလေတော့သည်။ အလ္လာ့ထံတော်ပါးတွင်လည်း ထိုကိစ္စနှင့် စပ်လျဉ်း၍ အပြစ်ပေး အရေးယူခြင်းခံ ရပေဦးမည်။

## အခြားသူများအတွက်စဂျေဒါသေလာသ်လုပ်ခြင်း

အချို့သော အရပ်ဒေသများတွင် ကြားသိရသည်။ ကုရ်အာန်စုပေါင်း ခသမ်းဖတ်ရန် စီစဉ်သူကပင် ဖတ်ရှုတ်သူအားလုံးဖက်မှ စဂျေ(၁၄)ခုစလုံးကို မိမိတစ်ဦးတည်းကတာဝန်ယူ၍ စဂျေဒါပြုလုပ်လိုက်သည်။ ဤသို့ပြုလုပ်ခြင်းသည် အခြားသူ၏ ဖရက်ဇ်နမာဇ် တာဝန်ကို မိမိကဖတ်ပေးနေသကဲ့ ဖြစ်နေသည်။ လူတစ်ဦးက ၎င်း၏မိတ်ဆွေကို ပြောဆိုမည် သူငယ်ချင်း အသင့်အတွက် ဖဂျရ်နမါဇ် ကျွန်ုပ်ဖတ်လိုက်ပါသည် အဘယ်ကြောင့်ဆိုသော် အသင်နံနက် ဖဂျရ်နမာဇ် အချိန်၌ အိပ်ရာမှ မနိုးသောကြောင့် အသင့်အတွက် အသင့်ဖက်မှ ကျွန်ုပ်ဖတ်ပေးပါသည်ဟု ဆိုခြင်းဖြင့် မဖြစ်နိုင်ပေ။ မိမိဖရက်ဇ်တာဝန်ကို မိမိထမ်း

ဆောင်ပြုလုပ်ရန် ရှိသလို ဤနည်းအတိုင်း ဝါဂျိဗ် တာဝန်ဖြစ်သော စဂျေဒါသေလာဝသ်ကို အခြားသူ၏ တာဝန်ဖက်မှ မိမိတာဝန်ယူ၍ မရပေ။

## ပိရ်ဆရာကြီးအယောင်ဆောင်တစ်ဦးအကြောင်း

ဟဇရသ် မော်လနာအရှ်ရဖ် အလီထာနဝီ ရဟ်မ သွလ်အလ္လာအလိုင်သွှင်ကြီးသည်။ မိမိ၏ဆုံးမြဲဝါဒများ တွင် ပိရ်ဆရာအယောင်ဆောင် လူလိမ်တစ်ဦး အကြောင်း မိန့်ကြားတော်မူခဲ့သည်။ ရှေးယခင် ခေတ်ကာလသမယ တွင် ပိရ်အယောင်ဆောင် လူလိမ်လူညာများ အလွန်ပေါ များခဲ့သည်။ **၎င်းတို့သည် မဟုတ်မမှန်သော လုပ်ရပ်များကို ပြုလုပ်ပြီး ရှရီအသ်တရားတော်ကို ဖျက်လိုဖျက်စီးမှု ပြုကြသည်။ ၎င်း တို့ကြောင့် လူတို့သည် သာသနာရေးကို စိတ်ကုန်လောက် အောင်ဖြစ်ခဲ့ ကြလေသည်။**

တစ်ခါက ပိရ်အယောင်ဆောင် တစ်ဦးသည် မိမိတ ပည့် တစ်ပန်းများရှိသော ရွာသို့သွားရောက်ခဲ့လေသည်။ ရွာသားများက ပိရ်ဆပ်၏ အားအင်ချိနဲ့ ပိန်ချုံးနေပုံကို တွေ့ရသောအခါ ၎င်းတို့က ဝိုင်းဝန်းမေးမြန်းကြသည်။ သွှင်ကြီးဘာများဖြစ်လို့ ဒီလောက်တောင် အားအင်ချိနဲ့ ပိန်ချုံးနေပါသလဲ? ထိုအခါ ပိရ်ဆပ်ကြီးက သက်ပြင်းချ၍ ညီးတွားသည်မှာ ငါ့အနေနဲ့ ဘာကြောင့် အားအင် ချိနဲ့မှု မရှိပဲရှိပါ့မလဲ "ငါက မင်းတို့အားလုံး အတွက် နမာဇ်တွေ

ဖတ်ပေးရ ရိုဇာတွေစောင့်ပေးရနဲ့ ဒါတွေတော့ ရှိပါ စေတော့ ဒါတွေက ကျုပ်အတွက် လုပ်ပေးနေတာ အပန်းမကြီးပါဘူး ဒါပေမဲ့ ဒီကိစ္စတွေထက် ပိုပြီးကြီးမားတဲ့ ပူပင်သောကကြီး ကကေယာမသ်နေ့မှာ မင်းတို့အားလုံး အတွက် ပူလ်စေရာသ် တံတားပေါ်ကနေ (ခေါက်တုံ့ ခေါက်ပြန်) လျှောက်လှမ်းပေးရဦးမယ် အဲဒီပူလ် စေရာ တံတားကြီးက ဆံချီမျှင်ထက်သေးသွယ် ပါးလွှာပြီး ဒါးထက်ပိုပြီး ထက်မျက်မယ်, ဘာကြောင့်လဲဆိုတော့ ငါ့, အနေနဲ့ မင်းအားလုံးက ငါ့, ထံမှာ ဘိုင်အသ်ယူထားသူ တွေဖြစ်တော့ ငါ့, အနေနဲ့ မင်းအားလုံးကို ဂျန္နသ်ကိုပို့ပေး ဘို့ တာဝန်ကလည်းရှိနေတယ်” ဒါကြောင့် ငါ့, တစ်နေ့ တစ်ခြား ပူပင်သောကတွေများပြီး အားအင်ချိနဲ့ ပိန်ချုံး သွားတာဖြစ်တယ်။ အဲဒီသောကကြီးက ငါ့, ကိုအချိန်ပြည့် လွှမ်းမိုးနေတယ်။

ရှာသားများက ပီရ်ဆပ်၏ ဤခံစားနေရသော ဝေဒ နာခံစားချက်ကို ကြားသိရပြီး ရှာသားထဲမှ လယ်ပိုင်ရှင် တစ်ဦးမှာ ပီရ်ဆပ်ကြီးကို အလွန်ပင် သနားကြင်နာ မိခဲ့ သည်။ ပီရ်ဆပ်ကတော့ ကျွန်ုပ်တို့အတွက် အလွန်ပင်ပန်း ခံနေရသည်။ ထိုလယ်ပိုင်ရှင်ကပဲ ပြောဆိုသည်။ “ကျွန် တော့်အနေနဲ့ ကျနော်ရဲ့ ဆန်စပါးစိုက်တဲ့ လယ်မြေကွက် ကို သွင်ကြီးအတွက် ပေးလှူပါတယ်” ပီရ်ဆပ်ကလည်း အလွန်ပါးနပ်သူဖြစ်လေရာ ချက်ချင်းလက်ငင်း ပြောလေ၏ “နှုတ်ဖြင့် လှူဒါန်းခြင်းဖြင့် မလုံလောက်ပါ” တရားဝင်

ပိုင်ဆိုင်မှုက အရေးကြီးလိုအပ်ပေသည်။ ဆက်လက်၍ ပီရ်ဆပ်မေးမြန်းသည်မှာ "မင်း၊ ငါ့ကို လှူမဲ့လယ်မြေ မြေကွက်က ဘယ်နေရာမှာလဲ၊ ဘယ်ဖက်ကျသလဲ၊ နောက်ပြီး မြေကွက်နံပတ်ကရော ဘယ်လောက်လဲ၊ စသဖြင့် မိမိပိုင်ဆိုင်မှုအတွက် အမြန်ဆုံးရရှိရန် .လှုပ်ရှားပါတော့သည်။ အဘယ်ကြောင့်ဆိုသော် နက်ဖန်သဘက်ခါလောက်ဆိုပါလျှင် လယ်သမား မြေပိုင်ရှင် စိတ်သဘောထား ပြောင်းကောင်း ပြောင်းသွားနိုင်သည်။ ပီရ်ဆပ်ကြီး စိတ်သက်သာမှု စိတ်ချလက်ချ ဖြစ်စေရန်အတွက် မြေပိုင်ရှင် လယ်သမားကြီးကလည်း ချက်ချင်းဆိုသလို ပီရ်ဆပ်ကြီးအား မိမိအပိုင်စားပေးမည့် လယ်မြေကွက် ရှိရာသို့ခေါ်ဆောင်သွားလေတော့သည်။

မိုးဦးကာလဖြစ်၍ မိုးသီးထန်စွာ ရွာထားသောကြောင့် လယ်ကွက်များ ရေများပြည့်လျှံသလောက် ရှိနေသည်။ လူတို့သည် လယ်ကန်သင်းများပေါ်မှ သွားလာကြသည်။ ပီရ်ဆပ်နှင့် မြေပိုင်ရှင် လယ်သမားကြီးမှာလည်း မိမိတို့လယ်ကွက်သို့ သွားလေရာ လယ်ကန်သင်း ပေါ်မှ ဖြေးဖြေးမှန်မှန် လျှောက်လာကြသည်။ မိုးသည်းထန် စွာ ရွာသွန်းထားသောကြောင့် ရေဝနေသော လယ်ကန် သင်း တစ်လျှောက်လုံးမှာ ပျော့နှူး၍ ရွံ့ဗွက်ထနေသည် ပီရ်ဆပ်မှာရှေ့ကလျှောက်နေပြီး မြေပိုင်ရှင်လယ်သမား ကြီးမှာ ပီရ်ဆပ်နောက်က လယ်မြေရှိရာသို့ လျှောက်လာနေရာ မမျှော်လင့်ပဲ ရုတ်တရက် ဘုရွံ့စေးများနှင့် ခနော်ခနဲ့ဖြစ်

နေသော လယ်ကန်သင်းရိုးပေါ်မှ ပီရံဆပ်ကြီး ချော်ချော်ပြီး ရေပြည့်လျှံနေသော လယ်ထဲသို့ အရှိန်မထိမ်း နိုင်ပဲ ဝုန်းကနဲရေထဲ ပြုတ်ကျသွားလေသည်။ ပီရံဆပ်ရေထဲ သို့ ချော်ကျနေရင်းမှပဲ မြေပိုင်ရှင်လယ်သမားကြီးနောက်မှ ဖနောင့်နှင့် တစ်ချက်ထဲကန်ပြီး "သွားလေတော့ လူလိမ် လူညာကြီးရဲ့" ဒီလောက်အကျယ်အဝန်းထုတဲ့ လယ်ကန် သင်းရိုးပေါ်ကတောင် မလျှောက်နိုင်တဲ့အကောင် ငါတို့ကို ပူလ်စေရာသ် တံတားမှတစ်ယောက်ချင်းခေါ်သွား ဘို့တာ ဝန်ယူတယ်တဲ့ ဒီပုံစံအတိုင်းသာဆိုရင် တမလွန် မှာလည်း ငါတို့ကို ဂျန္နမ်ငရဲပြည်ကို ပို့ပေးမှာ သေချာတယ် တော်ပြီ ငါ့လယ်ကို မင်းကိုမပေးတော့ဘူးဟုဆိုကာ ပြန်လှဲ့ ထွက်သွား လေတော့သည်။

ဤသည်ပင် ကျမ်းမြတ်ကုရ်အာန် စုပေါင်းခံသမ်း ဖတ်ခြင်း၏ အချို့သော နေရာများတွင် အားနည်းချက်ကို တွေ့ရှိရလေသည်။ စဂျေဒါသေလာဝသ် (၁၄)ခုစလုံးကို တစ်ဦးတည်းက အားလုံးအတွက် ပြုလုပ်လိုက်ခြင်း၏ ပမာပြဆိုမှု တစ်ရပ်ဖြစ်ပေသည်။

တစ်ဦးတစ်ယောက်က ကျွန်ုပ်အတွက် ကျွန်ုပ်ကျန် ရှိနေသော စဂျေဒါတာဝန်ကို အခြားတစ်ဦး ပြုလုပ်ခိုင်းပါ ကအထမြောက် မည်မဟုတ်ပေ။ အကြင်စဂျေဒါအာယသ် ကို ဖတ်ရွတ်ခဲ့သူသာ စဂျေဒါ ပြုမှသာလျှင် အထ မြောက်တာဝန်ကျေ သွားလိမ့်မည်ဖြစ်ပေသည်။

# နာမည်ရလိုမှုနှင့်ထင်ပေါ်ကြွားဝါခြင်း၏ဆိုးကျိုးများ

တဖန် ဤသို့စုပေါင်း ကုရ်အာန်ခသမ်းဖတ်ခြင်းနှင့်ပတ်သက်၍ သေချာကျနစွာ ဖိတ်စာရိုက်နှိပ်ပေးဝေဖိတ် ကြားသည်သာမက ထိုဖိတ်စာများတွင် မည်သူတို့လာ ရောက်ဖတ်ရွတ်ကြပြီး မည်ကဲ့သို့သော ဂုဏ်သရေရှိပုဂ္ဂိုလ်ကြီးကြွရောက်လာကြမည် စသည်ဖြင့် နာမည်ထုပ်ဖော် ကြွားဝါပြစားမှုကြီးက တစ်ခန်းတစ်နား သို့သာမကဧင်းအစီအစဉ်များ ပြီးဆုံးသွားသည်နှင့် ကုရ်အာန်ကိုအကြိမ်မည်မျှ ခသမ်းဖတ်ခဲ့သည်။ ကြွရောက်လာကြသောဧည့်ပရိတ်သတ်များက ထုန့်ဒေး ဘယ်ဂုဏ်သရေရှိ ပုဂ္ဂိုလ်ကကြွမြန်းလာခဲ့သည် မည်သည့်အရာရှိကြီး ကိုယ်တိုင်ကြွမြန်းလာတော်မူခဲ့သည် စသဖြင့် ဤပြစားကြွားဝါ ဂုဏ်ယူခြင်းတို့သည် အဓိပ္ပါယ်မရှိသော လုပ်ရပ်များဖြစ်ပေသည်။

မွတ်စလင်တို့ သိရှိကြသည့် ရှရီအသ်တရားတော်တွင် ဤပြစားကြွားဝါခြင်းတို့သည်။ အလွန်အောက်တန်းကျမကောင်းသော အလုပ်များပင်ဖြစ်သည်။ ဤကြွားဝါပြစား ထုပ်ဖော်မှုများကြောင့် လူတို့၏ ကြီးမားလှသောကောင်းမှု ကုသိုလ်များပျက်စီး ဆုံးရှုံးသွားလေသည်။

ဟဒီစ်းသြဝါဒ လမ်းကြောင်းမှ မီးမောင်းထိုးပြနေသည်မှာ ဤပြစားကြွားဝါမှုသည် လူတို့၏ ကောင်းမှုကုသိုလ်များအား "ထင်းခြောက်ကို မီးလောင်ပြာကျသွားသကဲ့သို့ ပျက်စီးဆုံးရှုံး သွားလေလေသည်။ အလ္လာအရှင်လည်း

လက်ခံကဗူလ်ပြုခြင်းမရှိပေ။ အမှန်စင်စစ် ကောင်းမှုကုသိုလ် ဟူသည်အလ္လာ့အတွက် သက်သက်လုပ်ရမည်သာဖြစ်သည်။ (ကောင်းမှုကုသိုလ်များ၏အစား)ကို အလ္လာအရှင် သာပေးမည်ဖြစ်သောကြောင့် မိမိတို့ ရည်ရွယ်ချက်မှ ကွယ်လွန်သေဆုံး သွားသူတို့ ကုသိုလ်အကျိုးစဝါဗ် ပို့ပေးရမည် ဖြစ်သည်။ သို့သော် ဤကြွားဝါပြစားမှုကာပင် ကောင်းမှု ကုသိုလ်ဟူ ဟူသရွေ့ကို အချိုးအနှိုးဖြစ်စေခဲ့ပြီး ကုသိုလ် အကျိုးမရသည့်အပြင် မိမိအပေါ် အကုသိုလ် အပြစ်ဂိုနာ ဖြစ်ရှိသွားလေတော့သည်။

## မှ့်အချိုနှင့်ထမင်းကျွေးရသောတာဝန်တစ်ရပ်

ဤကုရ်အာန်ခသမ်း စုပေါင်း၍ ဖတ်ရွတ်သော အစီအစဉ်များ၌ အထူးသဖြင့် အလေးအနက်ထားပြီး အကျွေးအမွေး အစီအစဉ်များ ပြုလုပ်ကြလေသည်။ အချို့ရပ်ကွက်များတွင် (၇)ရက်ဆက်တိုက် ဖတ်ရွတ်ကျွေးမွေးခြင်း အစီအစဉ်နှင့် (၁)ရက်တစ်အိမ် (၇)ရက်ထိ အကျွေးအမွေး အစီအစဉ် ပြုလုပ်ကြလေသည်။ အကယ်၍ အကျွေးအမွေး အစီအစဉ် မရှိပါက စောဒကတက်၍ မေးမြန်းကြသည်။ သို့သာမက ကဲ့ရဲ့ဝေဖန် ရှုပ်ချကြသည်။ အကယ်၍ အကျွေးအမွေးအစီအစဉ် ခြောက်ခြောက်သွေ့ သွေ့-ဥပမာ (လက်ဘက်ရည် ဘီစကွက်) လောက်သာ ရှိခဲ့ပါမူ

နောက်နေ့ ဖတ်ရန်မသွားတော့ပေ။ လူ(၂)ယောက် (၃)ယောက်လောက်သာ လာရောက်ဖတ်ကြမည်။ ၎င်းတို့ကလည်း ကုရ်အာန်ဖွင့်ပြီး ပါးစပ်ကလေး လှုပ်တုတ်လှုပ်ကုတ် ခေါင်းက တညိမ့်ညိမ့်နှင့် (ကိုလ်ဟိုဝလ်လာ ၃-ခေါက်လောက်ဖတ်ပြီး ခသမ်းသိမ်းလိုက်ကြတော့သည်။ **ထို့ကြောင့် သာသနာ့ပညာရှင် အကြီးအကဲများက မိန့်ဆိုကြသည်မှာ ကျမ်းမြတ်ကုရ်အာန်ကို စုပေါင်းဖတ်ရွတ်ခြင်း၊ ၎င်းနောက် ထမင်းကျွေးခြင်း သို့မဟုတ် မုံ့အချို့ တစ်စုံတစ်ရာတည်ခင်း ကျွေးမွေးခြင်းတို့သည် ကုရ်အာန်ဖတ်ခ အစားပေး(ကျွေးမွေးသော) အမိန့်တွင် ရှိနေသည်။** ကျွန်ုပ်တို့သည် ကွယ်လွန်သူအတွက် အီစာလေစဝါဗ်ကုသိုလ်ပို့ရန် အတွက် ကုရ်အာန်ဖတ်ရွတ်ကြသည်။ (ဤအစားအသောက်)တို့သည် ၎င်းဖတ်ရွတ်ခြင်း၏ (ဖတ်လို့ကျွေးရတာ မဖတ်လျှင် ကျွေးစရာမလိုဟူသော်) ဖတ်ပေးခြင်း၏ ဖတ်ခ အစားပင် မဟုတ်ပါသလော။

**သို့ရှိရာ အစားအသောက် ငွေကြေးတစ်စုံတစ်ရာ အဖိုးအခယူ၍ အီစာလေစဝါဗ် ကောင်းမှုကုသိုလ် ကွယ်လွန်သူအား ပို့ပေးရန်အတွက် ကုရ်အာန်ဖတ် ပေးခြင်းသည် အပြစ်ဂိုနာ ကျူးလွန်ခြင်း လုပ်ရပ်ပင်ဖြစ်ပေသည်။ သို့သာမက ဤအဖိုးအခ အစားယူခြင်းသည်** ကျွန်ုပ်တို့အတွက် (ဟရာမ်) မယူပိုင်သော အရာများပင် ဖြစ်ပေသည်။

# စွန့်သည်တော်တွင် ငြိမ်းချမ်းသာယာခြင်း

ဤသို့ဖြင့် သေချာဂရုစိုက်ကြည့်ပါက ဤစုပေါင်း ကုရ်အာန်ခသမ်း ဖတ်ရွတ်ခြင်းတွင် မည်မျှဆိုးကျိုးများ စုပုံနေသည်ကို တွေ့ရပါမည်။ ဤဆိုးကျိုးများ စုပုံနေရခြင်း၏ အကြောင်းခံသည် ကျွန်ုပ်တို့ စွန္နသ် ကျင့်စဉ်များအပေါ် ရပ်တည်ခဲ့ပါမူ ဤဆိုးကျိုးများ ဖြစ်ပေါ်လာမည် မဟုတ်ချေ။ ထို့နောက် ယခုလည်း ဤကုရ်အာန်စုပေါင်း ခသမ်း ရွတ်ဖတ်ခြင်းကို စွန့်လွှတ်ပြီး စွန္နသ်လမ်းစဉ်အပေါ် ကျင့်သုံးလိုက်နာပါလျှင် ကျွန်ုပ်တို့အတွက် အေးချမ်းသာယာခြင်းနှင့် လွယ်ကူမှုများ ဖြစ်ပေါ်လာပေမည်။ ယခင်ကပြုလုပ်ခဲ့သော စုပေါင်းကုရ်အာန်ခသမ်း ဖတ်ရွတ်ခြင်း၏ ရည်ရွယ်ချက်မှာ ကွယ်လွန်သေဆုံးသူတို့ အကျိုးကုသိုလ် စဝါဗ်ပို့ခြင်းသာဖြစ်၍ ထိုရည်ရွယ်ချက်လည်း ပြည့်စုံထမြောက်သွားပေမည် သို့သော် ကုရ်အာန် ခသမ်းဖတ်ရွတ်မှုတွင် အထက်ဖော်ပြခဲ့ပြီးသော ချို့ယွင်းချက် မှားယွင်းမှုများရှိနေပါလျှင် ကုသိုလ်စဝါဗ် အဘယ်သို့ ရနိုင်အံ့မည်နည်း? ဖတ်ရွတ်သရဇ္ဈာယ်သူ၏ ဖတ်ရွတ်ခြင်းက ကုသိုလ်စဝါဗ် မရရှိပါလျှင် သေဆုံးကွယ်လွန်သူသို့ မည်သို့အကျိုး စဝါဗ် ရောက်ရှိနိုင်ပါမည်နည်း? ကွယ်လွန်သေဆုံးသူထံသို့ ကောင်းမှုကုသိုလ် မရောက်ရှိနိုင်ပါမူ ကျွန်ုပ်တို့ရည်ရွယ်ချက်မည်သို့ ပြည့်ဝမည်နည်း။

# ကွယ်လွန်သူသို့ကုသိုလ်စဝါဗ်ပို့သနည်းအမှန်

အီစာလေစဝါဗ်ပို့နည်းအမှန်မှာ ဤသို့ဖြစ်၏ လူတိုင်းလိုလိုပင် ကွယ်လွန်သေဆုံး သွားသူများအတွက် မိမိကိုယ်တိုင် တတ်စွမ်းနိုင်သလောက် ဖတ်ရွတ်သရဇ္ဈယ်ပြီး ကောင်းမှုကုသိုလ် ပို့ပေးနိုင်ပေသည်။ ကုရ်အာန်ကျမ်းတော်မြတ်ကုန်အောင် ဖတ်ရွတ်သရဇ္ဈယ်မှု ပြုရမည်ဟု သတ်မှတ်ပြဋ္ဌာန်းချက်မရှိပေ။ နောက်ဆုံး ကုရ်အာန်ဖတ်ရမည်ဟူ၍လည်း ပုံသေသတ်မှတ်ချက်မရှိပေ။ မိမိအနေနှင့် နဖိလ်နမာဇ် နှစ်ရကာအသ် ဖတ်ပြီးကုသိုလ် စဝါဗ်ပို့ပေးလိုကပို့ပေးနိုင်သည်။ ငွေ (၂)ကျပ်လှူဒါန်း၍ ၎င်းကုသိုလ်စဝါဗ်ပို့နိုင်သည် သို့မဟုတ်ပါက စွဗ်ဟာနလ်လ္လာ, အလ်ဟမ်ဒိုလိလ်လ္လာ, အလ္လာဟို့အက္ကဘရ် ဟူသော သပ်စ်ဘီ (၁)ကြိမ် (၂)ကြိမ်ဖတ်၍ ကုသိုလ်စဝါဗ် ပို့နိုင်သည်။ ထို့နောက် ဤအထက်ဖေါ်ပြပါ အချက်များကို မဆောင်ရွက်နိုင်ပါမူ နောက်ဆုံး ဤမျှခန့် အလ္လာဖက်သို့ အာရုံပြု၍ “အလ္လာရှင် ဤကွယ်လွန်သူအား ခွင့်လွှတ်တော်မူပါ သနားကြင်နာတော်မူပါ ဂျဟန္နမ်ငရဲဘုံမှ လွန်မြောက်စေတော်မူပါ ဟုတောင်းဆုပြုနိုင်သည် ဟဒီးစ်ဩဝါဒတော်တွင် လာရှိသည်မှာ အသက်ရှင်လျှက် ရှိနေသူတို့သည် ကွယ်လွန်သေဆုံးသူများအတွက် လွန်ငြိမ်းချမ်းသာမှု သနားကြင်နာမှုကို အလ္လာအရှင်မြတ်ထံ တောင်းဆုများ ဆုတောင်းပြုပေးပါလျှင် အလ္လာဟ်အရှင်မြတ်သည် ထိုကွယ်လွန်သူက

ကဗရ်သချိုင်းထဲတွင် တောင်ကြီးပမာ ကြီးမားလှသော အကျိုးစဝါဗ် ကုသိုလ်ကောင်းမှုများ ပေးသနားတော်မူပေမည်။ ဤသည်မှာ ကုရ်အာန်ခသမ်း ဖတ်ရွတ်လိုက်ခြင်းလည်းမဟုတ် ငွေ(၂)ကျပ် လှူဒါန်းခြင်းလည်းမဟုတ် နဖီလ်နမာဇ် (၂)ရကာအသ် ဖတ်ခြင်းလည်းမဟုတ်၊ သပ်စ်ဗီဘာဝနာ စီးဖြန်းခြင်းလည်းမဟုတ်၊ တောင်းဆုဒိုအာ ပြုပေးခြင်းအပေါ် ရရှိစေမည် အကျိုးကုသိုလ် စဝါဗ်ဖြစ်ပြီး ဆုတောင်းပေးသူအတွက်လည်း အကျိုးသက်ရောက်မှု ရှိပေမည်။ မည်သူ မဆိုလွယ်လင့်တကူ ဤသို့ဒိုအာတောင်းဆု ပြုနိုင်ပေသည်။ ဤသည်မှာ အလွန်တစ်ရာ လွယ်ကူမှု ရှိလှပြီး စွန္နသ်တော် အတိုင်း ကျင့်ဆောက်တည်ခြင်း၏ ရရှိမည့် ရလာဒ်များ ပင်ဖြစ်ပေသည်။

## စူရာအိခ်လာစ်၏ထူးမြတ်ခြင်းနှင့်ဘာရ်ကာသ်မင်္ဂလာ

တစ်စုံတစ်ရာဖတ်ရွတ်ပြီး အီစာလေဆဝါဗ် ကုသိုလ်ပို့သရန် ဆန္ဒရှိလျှင် သို့ရှိရာ ကွလ်ဟိုဝလ်လ္လာဖတ်၍ ပို့သပါလေ။ ဟဒီးစ်ဩဝါဒတော်မြတ်တွင် ၎င်း၏ကြီးမားသော အကျိုးထူး မြတ်မှုလာရှိပေသည်။ ဤအချက်ကို လူတိုင်းသိထားပြီး ဖြစ်ပေမည်။ အကြင်သူ ကွလ်ဟိုဝလ်လ္လာ (၃)ကြိမ်ဖတ်ရွတ်ပါမူ ကုရ်အာန်တစ်ခသမ်း၏ အကျိုးစဝါဗ် ရရှိမည်ဖြစ်ပေသည်။

*(ဘိုခါရီကျမ်း)*

နောက်ဟာဒီးစ်တော် တစ်ရပ်တွင်လာရှိသည်မှာ အကြင်မည်သူမဆို နံနက်ဖဂျရ်နမာဇ်အပြီး ကွလ်ဟို ဝလ်လွှာ (၁၂)ကြိမ်ဖတ်ရွတ်ခဲ့ပါမူ ကျမ်းမြတ်ကုရ်အာန် (၄)စောင် နှင့်ညီမျှသော ကုသိုလ်စဝါဗ် ချီးမြှင့်ခံရပေမည်။

(ကန့်ဇုလ်အအ်မါလ်ကျမ်း) ကွယ်လွန်သူနှင့် ပတ်သက်သူတိုင်းသည် မိမိတို့ ကိုယ်စီကိုယ်င နံနက်ဖဂျရ် နမာဇ်ပြီးတိုင် ကွလ်ဟိုဝလ်လွှာ (၁၂)ကြိမ် ဖတ်ရွတ်ပို့သ ပေးကြခြင်းဖြင့် ကွယ်လွန်သူ ကဗုရ်သင်္ချိုင်းတွင် မည်မျှ ကောင်းမှု ကုသိုလ်စဝါဗ် ရောက်ရှိမည်ကို သုံးသပ်သင့်ပေ သည်။ မုချကေန် ရောက်ရှိမည် ကုသိုလ်စဝါဗ်အပေါ် အဘယ်မျှ ကျေနပ်ပီတိဖြစ်နေမည်။ ထို့ကြောင့် ဓလေ့ထုံး စံများကို ရှောင်ရှားပြီး ရှရီအသ်တရားတော်၏ စဉ်းမျဉ်း ဥပဒေအောက် လာရောက်ခါ စွန္နသ်လမ်းစဉ်အတိုင်း လိုက် နာကျင့်သုံးခြင်းဖြင့် သက်သာချောင်ချိ လွယ်ကူမှုပင် ဖြစ်ရှိ သွားပေသည်။ ကွယ်လွန်သေဆုံးသူအတွက်လည်း ကောင်းမွန်မှု ရှိသွားပေမည်။ အီစာလေစဝါဗ် ကုသိုလ်ပို့ သခြင်း၏ ရည်ရွယ်ချက်ပြည့်စုံအောင်မြင်သွား ပေလိမ့် မည်။

# ဂျန္နသ်ဗိမာန်တွင်နန်းဆောင်တစ်ခု

ဟဒီးစ်တော်တစ်ရပ်တွင် လာရှိသည် အကြောင်းသူ သည် ကွလ်ဟိုဝလ်လ္လာ (၁၀)ကြိမ်ဖတ်ပါမူ ၎င်းအတွက် အလ္လာရှင်မြတ်သည် ဂျန္နသ်ဗိမာန်တွင် နန်းဆောင်တစ်ခု ပြုလုပ် ပေးသနားတော်မူမည်။ ဟဇရသ်အွမ္မရ်(ရသ)သွင် ကလျှောက်ထားသည်။ အို အလ္လာ၏တမန်တော် ကျွန်ုပ် ဂျန္နသ် ဗိမာန်တွင် များစွာသော အဆောက်အဦးများ ရရှိ ပေလိမ့်မည်။ ကိုယ်တော်မြတ် စွလ်လလ္လာလ္လါဟိုအလိုင်ဟေ့ ဝစလ်လာမ်နဲးသွင်က မိန့်ရှိတော်မူသည်မှာ အလ္လာအရှင် သည်တို့ထက်မက များပြားမှုအပေါ် ပေးစွမ်းနိုင်တော်မူ သောအရှင်ဖြစ်လေသည်။ သို့ရှိရာ အသင့်အနေနှင့် တစ်ရက်တွင် အကြိမ်တစ်ထောင် ဖတ်သည်ဖြစ်စေ၊ အ ကြိမ်တစ်သိန်းဖတ်သည်ဖြစ်စေ၊ အသင်သည် အတိုင်း အတာတစ်ခုအထိသာ ဖတ်နိုင်မည် သို့သော် အလ္လာအရှင် ၏ပေးကမ် စွန့်ကြဲခြင်းသည် အတိုင်းအတာမဲ့ ပေးနိုင်တော် မူသောအရှင်ဖြစ်ပေသည်။

သို့သာမက ကမ္ဘာသူ ကမ္ဘာသားများအားလုံး စုပေါင်း၍ ကုလ်ဟိုဝလ်လ္လါကို မည်မျှပင် ဖတ်ရွတ်လိုက် ပါစေ။ သို့သော် အလ္လာအရှင်မြတ်သည် ထိုထက်မက သာပို၍ ပေးကမ်းစွမ်းနိုင်တော်မူသော အရှင်ဖြစ်ပေသည်။ အကယ်၍ ကျွန်ုပ်တို့အနေနှင့် နေ့စဉ်ဖဂျရ် နမာဇ်အပြီး ကွလ်ဟိုဝလ်လ္လာကို (၁၂)ကြိမ်ဖတ်ရွတ်ပါမူ ထို(၁၂)ကြိမ်

၌ (၁၀)ကြိမ်ဖတ်ခြင်း၏ အကျိုးကုသိုလ်အရ ဂျန္နသ်တွင် နန်းဆောင်တစ်ခုရခြင်းလည်း အကြုံးဝင်သွားပြီး ကျမ်းမြတ်ကုရ်အာန် (၄)စောင်၏ အကျိုးကုသိုလ်လည်း အလ္လာအရှင် အလိုတော်ဖြင့် ရရှိသွားပေမည်။

ဆင့်ပြန်ချက်တစ်ရပ်တွင် လာရှိသည်မှာ အကြင် မည်သူမဆို ၎င်းကုလ်ဟိုဝလ်လ္လာ ဆူရာအခါလာစ်ကို အကြိမ်(၂၀၀)ဖတ်ရွတ်ပါမူ ၎င်းကိုနှစ်ပေါင်းနှစ်ရာ၏ အပြစ် အကုသိုလ်များ ပလပ်ခွင့်လွှတ်တော်မူမည် အလို သဘောမှာ ရိုနာဆွဂီရာ အပြစ်အကုသိုလ်အသေးများကို ဆိုလိုသည်။

*(ကန်ဇုလ်အအ်မာလ်ကျမ်း)*

ဤကျင့်စဉ်ကို ကျွန်ုပ်တို့သည် မိမိတို့အတွက် လုပ်နိုင်ပြီး ၎င်းနောက် သေဆုံးကွယ်လွန်သူများ အတွက်လည်း လုပ်ပေးနိုင်ပေသည်။ အဘယ်သို့ဆိုသော် ကျွန်ုပ်တို့၏ လွတ်ငြိမ်းချမ်းသာခွင့် ရရှိရန်လည်း အရေးကြီးလိုအပ်ပေသည်။ ဂျန္နသ်ဥယျာဉ်၌လည်း နန်းဆောင်များ ရရှိရန်လိုအပ် ပေမည်။ သို့ရှိရာ ကွယ်လွန်သူများအတွက် ပြုကျင့်ရန် လိုအပ်သလို မိမိတို့အတွက်လည်း ပြုကျင့်ရန်လိုအပ် ပေမည်။ သို့သော် မိမိအတွက် ပြုလုပ်ဖတ်ရွတ်သောအခါ ကွယ်လွန်သူများအတွက် သီးခြားဖတ်ရွတ်ပေးရန် မလိုအပ်တော့ပေ။ ဤဖတ်ရွတ်ခြင်းမှ ရရှိသော ဇုသိုလ်အကျိုး စဝါဗ်ကို ကွယ်လွန်သူကို ပို့ပေးနိုင်ပေသည်။

# အီစာလေစဝါဗ်ကုသိုလ်ပို့ပေးခြင်းဖြင့် မိမိရရှိမည့်ကုသိုလ်လျော့နဲမသွားခြင်း

နဖိလ်အေဘာဒသ်ကောင်းမှု ကုသိုလ်ပြုကျင့်ခြင်းမှ မည်သည့်ကွယ်လွန်သူ တစ်ဦးတစ်ယောက်သို့ စဝါဗ် ကုသိုလ် ပို့ပေးခြင်းဖြင့် ဖတ်ရွတ်သူ ရရှိမည် ကုသိုလ်စဝါဗ် တွင် လျော့နည်းသွားခြင်းမရှိပေ။ သို့ရှိရာ ဟဒီးစ်တော် တစ်ရပ်တွင် လာရှိသည်မှာ ရိုဇာဥပုသ်စောင့်ထိမ်းသူအား ဝါဖြေရန် ကျွေးမွေးခြင်း၊ ဝါဖြေသူနှင့် ကျွေးမွေးသူနှစ်ဦး စလုံး၏ အကျိုးစဝါဗ်မှာ ပြည့်ပြည့်ဝဝ ရရှိမည်ဖြစ်ပေသည်။ ထို့ကြောင့် ကျွန်ုပ်တို့ ရွတ်ဖတ်သရဇ္ဈယ်မှု ပြုပြီးကုသိုလ် စဝါဗ် ပို့ခြင်းဖြင့် ဖတ်ရွတ်ပေးသူ၏ ကုသိုလ်စဝါဗ်မှ မည်သို့ မျှလျော့နဲသွားခြင်းမရှိပေ။ ဟဇရသ် ဟာဂျီ အင်မ်ဒါဒွလ် လ္လာဆွာဟိဗ်နှင့် ဟဇရသ် မော်လာနာ အရှရဖ်အလီထာ နဝီသွင်ကြီးတို့၏ လမ်းစဉ်ဖြစ်သည်။ အီစာလေစဝါဗ် အတွက် ဖတ်ရွတ်ပေးခြင်းဖြင့် ဖတ်ရွတ်ပေးသူ၏ ကုသိုလ် စဝါဗ်ရရှိ ခြင်းတွင် လျော့နည်းမှု မရှိပေ။ ဟဇရသ် ထာနဝီ ရှပ်ဟ် မသွလ်လ္လာသွင်ကြီး၏ အမြဲတစေ ပြုကျင့်ခဲ့သော [illegible] ကောင်းမှုကုသိုလ် အေဘာဒသ်ခဝတ်မှုအားလုံး ၏အစား ကောင်းမှုကုသိုလ်စဝါဗ်များကို အွမ္မသ်ထုတစ်ရပ် လုံးကို ပို့ပေးခြင်း အလိုသဘောမှာ နဗီတမန်တော်အားလုံး စွဟာဘာများ၊ သာဗေအီန်းများ၊ ဝလီသူတော်စင်များ၊

မွတ်စလ် မာန်အွမ္မသ်ထု တစ်ရပ်လုံး အပေါ်သို့ ပို့ပေးခဲ့လေသည်။ သို့သော် သာသနာ့ ပညာရှင်အကြီးအကဲများက ဤသို့ မိန့်ဆိုထားလေသည်။ ဖရက်ဇ်နှင့် ဝါဂျိဗ် အေဘာဒသ် ခဝတ်ခြင်း၏ ကောင်းမှုကုသိုလ် စဝါဗ်ကိုမူ အခြားသူများကို ပို့ပေးရန် တားမြစ်ထားပေသည်။ ပမာဆိုသော် ဖရက်ဇ် နမာဇ် ဖရက်ဇ်ရိုဇာ ဥပုသ်ဖရက်ဇ်ဟာဂျ်ဖရက်ဇ် ဇကာသ် အစရှိသောကောင်းမှုကုသိုလ်စဝါဗ်များ ပို့ပေးခြင်းကို တားမြစ်ထားလေသည်။ ထို့ကြောင့် ကောင်းမှုကုသိုလ် ပို့လိုပါက နဖိလ် ခဝတ်မှု၏ ကောင်းမှုအကျိုး ကုသိုလ်သာ ပို့ပေးနိုင်ပေသည်။ ၎င်းနောက် စွန္နသ်တော်၏ (အချို့ကျင့် စဉ်များလည်း) နဖလ်ကျင့်စဉ်၌ အကြုံးဝင်ပေသည်။ ၎င်း၏ ကုသိုလ် အကျိုးစဝါဗ်ကိုလည်း ပို့ပေးနိုင်ပေသည်။

## ကုသိုလ်စဝါဗ်ပို့ပေးခြင်းဖြင့်ကုသိုလ်လျော့မသွားခြင်း၏ဥပမာနှစ်မျိုး

နဖိလ်ခဝတ်မှု၏ ကုသိုလ်စဝါဗ်သည် အခြားသူများကို ပို့ပေးခြင်းဖြင့် မိမိ၏ကုသိုလ် စဝါဗ်တွင် လျော့နည်းမှုမဖြစ်ပေ။ ဤသည်ကို ဟာဇရသ်ထာနဝီ ရဟ်မသွလ်လွာအလိုင်သ္ခင်က ဥပမာနှစ်မျိုးဖြင့် ရှင်းလင်းဖော်ပြထားပါသည်။ ပထမဥပမာ (ထွန်းညှိထားသော) မီးခွက်တစ်ခုသည် အခြားမီးခွက်တစ်ခုကို ထွန်းညှိပေးနိုင်သည်။ ထိုသို့

ပြုပေးခြင်းဖြင့် ပထမမီးခွက်၏ လင်းဝင်းမှုတွင် မည်သို့မျှ လျော့နည်းမှု မဖြစ်ရှိပေ။ ထိုကဲ့သို့သော မီးခွက်ရာပေါင်းများစွာကို ထွန်းညှိပေးထားသော်လည်း လျော့နည်းမှုမဖြစ်ပေ။ ပထမဆုံး မီးခွက်မှာ လင်းလျက်ပင် ရှိနေမည်။ ဒုတိယ ဥပမာသည် အီလင်မ်ပညာပင်ဖြစ်သည်။ အာလင်မ်ပညာရှိတစ်ဦးသည် မိမိသက်တမ်းတစ်လျှောက်လုံး ပညာသင်ကြားပို့ချပေးခဲ့ရာ ထိုသို့လူတို့အား ပညာသင်ကြားပေးခြင်းဖြင့် ၎င်း၏ပညာအရည်အချင်းတွင် မည်သို့မျှ လျော့နည်းသွားခြင်းမရှိပေ။ ပညာအရည်အချင်းတွင် တိုးတက်မှုပင်ရှိလာပေမည်။ စာအုပ်တစ်အုပ်ကို ဆရာဖြစ်သူက သင်ကြားပြသပေးပြီး စာအုပ်ကုန်သွားသောအခါ ဆရာသည် ထိုသင်ခန်းစာကို မေ့သွားသည်ဟူ၍ မရှိပေ။ မိမိသင်ကြားပြသပေးခဲ့သော တပည့်မှာ ပညာစုံ၍ ဆရာတစ်ဆူဖြစ်သွားသောအခါ ၎င်းလည်း ဆရာလုပ်၍ သင်ကြားပြသပေးခြင်းဖြင့် ပညာရပ်များမေ့သွားသည်ဟု မရှိပေ တပည့်ဘဝမှ ဆရာဘဝ ဆရာဘဝမှ တဖန်သင်ကြားပြသပေးခြင်း ပညာသည် တိုးတက်သည်ထက် တိုးတက်လာနေခြင်းသာ ရှိသည်။ ပညာသည် လျော့သွားခြင်း မေ့လျော့သွားခြင်းဟူ၍ အလျဉ်မရှိပေ။ ဤနည်း အတိုင်း စဝါဗ်ကုသိုလ်သည်လည်း အီလင်မ်ပညာကဲ့သို့ နက်ရှိုင်းသော အရာတစ်ခုဖြစ်သည်။ ထိုအရာသည် နူရ်အလင်းရောင်ဖြစ်သည်။ အကြင်မီးခွက်မှ မီးသည်လင်းဝင်းတောက်ပသော အလင်းရောင်ဖြစ်သကဲ့သို့ ဤနည်း တူစွာ

ကုသိုလ်စဝါဗ်သည်လည်း တမလွန်၏(နာမ်ပိုင်းဆိုင်ရာ) ဝိညာဉ်၏ နူရ်အလင်းရောင်ဖြစ်ပေသည်။ သခ်ီရ လောက မီးအလင်းရောင်တွင် (ကူဆက်ပေးခြင်းဖြင့်) လျှော့နည်းမှု မဖြစ်ရှိပါက တမလွန်အာခေရယ်၏အကျိုး စဝါဗ်သည် ထိုထက်မကများစွာ အဆင့်အတန်းမြင့်မား ပြီးနူးညံ့ နက်ရှိုင်းလွန်းလှပေမည်။ ထို့ကြောင့် ဟဇရ်ိယ် ထာနဝီ ရဟ်မသွလ်လ္လာအလိုင်သွခ်ကြီးသည် မိမိ၏နေ့စဉ်ပြု ကျင့်သော နဖိလ်ခဝတ်မှု၏ ကောင်းမှုကုသိုလ် စဝါဗ်အား ပို့ပေးခဲ့လေသည်။ ကျွန်ုပ်တို့အနေနှင့်လည်း ထိုကဲ့သို့ ကျင့် ကြံအားထုပ်သင့်ပေသည်။

## အချို့သောသနာ့ပညာရှင်များအဆိုတွင် ကုသိုလ်စဝါဗ်ခွဲဝေပေးမှုရှိခြင်းအကြောင်း

အခြားတစ်ဖက်တွင် အချို့သော သာသနာ့ပညာရှင် များ၏ထံတွင် ခဝတ်မှု၏ အကျိုးကုသိုလ်စဝါသည် အကယ် ၍ အခြားသူများကို ပို့ပေးပါက ခွဲတမ်းဖြင့်ရောက်ရှိသွား ပေသည်။ ကျမ်းမြတ်ကုရ်အာန်၏ အကျိုးကုသိုလ်ကို လူ(၁၀)ဦးထံ ပို့ပေးပါက (၁၀)ပုံခွဲ၍ ရောက်ရှိသွားပေမည်။ အားလုံးကို (၁၀)ပုံ(၁)ပုံရရှိသွားပေမည်။ ဤနည်းလမ်းအ တိုင်း ကျင့်သုံးသွားသင့်ပေသည်။ အချို့သော နဖိလ်ခဝတ် မှု၏ ကုသိုလ်စဝါဗ် အားလုံးထံသို့ ပို့ပေးသင့်ပေသည်။

သို့ရှိရာ မိမိအနီးစပ်ဆုံး မိဘနှစ်ပါး ရှေခ် လမ်းညွှန်

ဆရာသွင်များနှင့် မိသားစုအစရှိသော ဆွေမျိုးသားချင်းများအတွက်ကိုမူ သီးခြားနည်းလမ်းတစ်ရပ်အနေနှင့် နည်းများမဆို ရွတ်ဖတ်သရဇ္ဈာယ်မှုပြုပြီး ကုသိုလ်စေတနာ ပို့ပေးသင့်ပေသည်။ ဥပမာ ကုလ်ဟိုဝလ် စူရာအခ်လာစ် (၁၂)ကြိမ်ဖတ်ရွတ်ပြီး မိဘနှစ်ပါးအတွက်လည်း ပို့ပေးနိုင်သည်။ ထိုသို့ကုသိုလ် စေတနာပို့သမှုတွင် အခြားသူကို မထည့်သွင်းရ တဖန် ဒုတိယအကြိမ် ဖတ်ရွတ်ပြီး မိမိဆရာသွင်ရှောခ်အကြီးအကဲအတွက် ပို့ပေးရမည် နောက်ထပ် (၁၂) ကြိမ်ဖတ်ရွတ်ပြီး အွမ္မသ်ထု တစ်ရပ်လုံးအတွက် ရည်စူး၍ ကုသိုလ်ပို့ပေးနိုင်ပေသည်။ သို့မှသာ နည်းလမ်းနှစ်မျိုးစလုံးကို ကျင့်သုံးရာလည်း ရောက်နိုင်ပေသည်။

## လွှယ်ကူစွာအီဆာလေစေတနာကုသိုလ်ပို့သနည်း

ကျွန်ုပ်တို့သည် တစ်နေ့ငါးကြိမ် နမာဇ်ဖတ်ရန် ပလီကျောင်းတော်သို့ သွားသောအခါ သွားနေရင်းမှာပင် စူရာအခ်လာစ် ကုလ်ဟိုဝလ်လ္လာ အကြိမ်(၂၀)ဖတ်ပြီး ပလီဝတ်ကျောင်းတော်မှအပြန် အကြိမ်(၂၀)ဖတ်ရွတ်လိုက်ပါမူ ဤသို့ဖြင့် နမာဇ်တစ်ကြိမ်တွင် ကုလ်ဟိုဝလ်လ္လာ အကြိမ်(၄၀) ဖြစ်သွားပြီး တစ်နေ့ နမာဇ်(၅)ကြိမ်တွင် ဤသို့ဖတ်ရွတ်သွားပါလျှင် ကုလ်ဟိုဝလ်လ္လာ အကြိမ်(၂၀၀)ပြည့်သွားပေလိမ့်မည်။ ဤအကြိမ်(၂၀၀)အတွင်းတွင် ရရှိမည့် ကုသိုလ်အကျိုးကို သေချာစွာတွက်ကြည့်ပါက ကုလ်ဟိုဝလ်လာ

(၃)ခေါက်သည် ကုရ်အာန်တစ်ခုသမ်း၏ စဝါဗ် (၁၀)ကြိမ် ဖတ်ခြင်းအပေါ် ဂျန္နသ်တွင် ဘုံနန်းတစ်ဆောင် ရရှိခြင်း ထို့နောက် ဤကောင်းမှု ကုသိုလ်စဝါဗ်ကို သူတစ်ပါးသို့ ပို့သလိုက်ပါက ၎င်းအပေါ်ရရှိမည် ဝမ်းမြောက်ခြင်းက ပြောဖွယ်ရာမရှိပေ။

အဘယ်ကြောင့် ဝမ်းမြောက်ပျော်ရွှင်မှု ရရှိကြသည်ကို ကျွန်ုပ်တို့၏ အသိဉာဏ်တွင် အလ္လာရှင်မြတ်ဖက်တော်မှ ဤကိစ္စရပ်များကို နားလည် သဘောပေါက်နိုင်ခြင်း စွမ်းအားကိုထဲ့သွင်း ပေးသနားတော်မူပါစေ . . . ။

***အာမီန်း***

ယခုအချိန်တွင် ကျွန်ုပ်တို့သည် တမလွန် အာခေရသ်အတွက် မြောက်များစွာ ကောင်းမှုကုသိုလ်ပွားများ (စုဆောင်းထား) နိုင်ကြသည်။ သို့သော် ကွယ်လွန်သေဆုံးပြီးနောက် ကျွန်ုပ်တို့သည် အသက်ရှင်လျှက် ကျန်ရှိခဲ့ကြသူတို့ကို အားထားမျှော်ကိုး နေရမည်သာဖြစ်ပြီး ယခုလက်ရှိ အခွင့်အရေးသည် အလ္လာရှင်မြတ်၏ ကျေးဇူးတော်သာဖြစ်သည်။ တမလွန်သို့ မရောက်မီ လောကီကို နှုတ်ဆက်စွန့်ခွါပြီး နောက်ကြားစခန်း၌ အရှင်မြတ်သည် ခွင့်လွှတ်လွတ်ငြိမ်းချမ်းသာရမှု၏ နည်းလမ်းပုံစံကို ချမှတ်ပေးထားပေသည်။ လောကီသားတို့အနေနှင့် ထိုကွယ်လွန်သူအတွက် တောင်းဆုဒိုအာပြုပေးပြီး ၎င်းအတွက် လွတ်ငြိမ်းချမ်းသာအပြစ်မှ ပလပ်မှုတို့ကို ဆောင်ရွတ်ပေးနိုင်ပေသေးသည်။ အီဆာလေစဝါဗ်ကောင်းမှု ကုသိုလ်များပို့ပေးပြီး

ရင်း၏အကုသိုလ် အပြစ်ငရဲများ ပယ်ဖျက်မှုကို ပြုလုပ်နိုင်ကြသည်။ ထိုသို့လောကီသားတို့က ရင်းအတွက် အဆက်မပျက် ကောင်းမှုကုသိုလ် ပြုလုပ်လေ ရင်း၏အကောင်းအဆိုးစာရင်းမှ အကောင်းစာရင်းများတွင် တစ်နေ့တစ်ခြားကုသိုလ်စာရင်းများသာ တိုးပွားလာရှိပေမည်။

## ကလေမာတော်(၇)သောင်းဖတ်ရွတ်ခြင်း၏အကျိုးထူးမြတ်မှု

ဆင့်ပြန်ချက်တစ်ရပ်တွင် လာရှိမှာ အကြင်သူ ကလေမာ သွိုင်ရေဘာ(လာအေလာဟာအိလ်လလ်လ္လာ)ကို (၇)သောင်းဖတ်ရွတ် သရဖ္လယ်ပြီး ကွယ်လွန်သူအားကုသိုလ်စဝါဗ်သည် အပြစ်ဒဏ်ပေးခြင်းတို့မှ လွတ်ငြိမ်းခွင့်ရရှိ သွားပေမည်။ အေမာမ်ယာဖီ ရဟ်မသွလ်လ္လာ အလိုင်သ္ခင်သည် မိမိရေးသာသော နဇ်ဟာသွလ်ဘဆာသီန်းကျမ်း၌ အကြောင်းအရာ တစ်ပုဒ်ကို ရေးသားဖော်ပြထားလေသည်။ ပုဂ္ဂိုလ်တစ်ပါးက မိန့်သည်မှာ ကျွန်ုပ်နေထိုင်သော ရပ်ကွက်တွင် (မဂျ်ဇူးဗ်)တစ်ယောက်ရှိသည်။ တစ်ခါတရံ ဤကဲ့သို့သော စကားရပ်များကို ပြောဆိုလေ့ရှိသည်။ ရင်းစကားရပ်များကြောင့် ရင်းသည် စစ်မှန်သော (မဂျ်ဇူးဗ်) ဖြစ်နေပါသလားဟု သံသယဝင်မိသည်လုပ်ကြံဟန်ဆောင်သော အလ္လာ့အချစ်ရှူးများက ဤသို့စကားမျိုး ပြောနိုင်မည်မဟုတ် တစ်နေ့တွင် အိမ်တစ်အိမ်မှထမင်း စားဖိတ်ခေါ် ကျွေးမွေးရာ ရင်းလည်း ဖိတ်ကြားခြင်း

ခံခဲ့ရသည်။ ကျွန်ုပ်လည်း ဖိတ်ကြားခြင်း ခံခဲ့ရသည်။ ၎င်းနောက် ကျွန်ုပ်တို့ နှစ်ဦးစလုံးက ထမင်းစားနေစဉ် ရုတ်တရက် ၎င်း၏မျက်နှာ အနေအထား ပြောင်းသွားကာ အော်ဟစ်ငိုကြွေး နေတော့သည်။ ဤသို့ငိုနေရင်းဖြင့် ပြောသည်မှာ ကျွန်တော်အမေ ကဘာရ်သင်္ချိုင်းအတွင်း၌ အဇာပ်အပြစ်ဒဏ်ခံနေရသည်။ ကျွန်တော်အမေ အလွန်ပြင်းထန်သော အပြစ်ဒဏ်ခတ်မှုတွင် နစ်မွန်းနေသည်။ ကျွန်တော် အမေကိုကယ်ကြပါ။ ကယ်ကြပါ။ အော်ဟစ်ငိုကြွေးနေ လေရာ ကျွန်ုပ်သည် ကျွန်ုပ်စိတ်အတွင်း၌ပင် ဤသို့စဉ်း စားလိုက်သည်။ ကျွန်ုပ်သည် ကလေမာသွင်ရေဘာကို အကြိမ်ခုနှစ်သောင်း ဖတ်ထားခဲ့ပါသည်။ ယနေ့ကျွန်ုပ်သည် ၎င်းမိခင်အပေါ်သို့ ကျွန်ုပ်ဖတ်ထားသော ကလေမာ ခုနှစ်သောင်း၏ ကုသိုလ်စဝါဗ်ပို့၍ စမ်းသပ်ရန် ဖြစ်သည်။ အဘယ်သို့ဆိုသော် ဤမဂျ်ဇူးဗ်သည် လူမှန်လား လူညာလား ဆိုသည်ကို သိရှိရန် ၎င်းနောက် ဤကလေမာနှင့် ပတ်သက်၍ ကျွန်ုပ်တိုင်အောင် ရောက်ရှိလာသော ဆင့်ပြန်ချက်သည် မှန်ကန်မှုရှိ မရှိသိသွားနိုင်ရန် ဖြစ်သည်။ သို့ရှိရာ ကျွန်ုပ်သည် မိမိစိတ်တွင်း၌ပင် အလ္လာအရှင် မြတ်ထံ လျှောက်ထားပန်ကြားလေသည်။

အိုအလ္လာအရှင် ကျွန်တော်မျိုးရွတ်ဖတ် သရဇ္ဈာယ်ခဲ့သော ကလေမာ ခုနှစ်သောင်းကို ၎င်း၏မိခင်ပေါ်သို့ အီစာလေစဝါဗ် အဖြင့်ပို့သပါသည်။ ကျွန်ုပ်သည် ဒိုအာ တောင်းပြီးသည်နှင့် တစ်ပြိုင်နက် ထို(မဂျ်ဇူးဗ်)ကို လှန်း

ကြည့်ရာ ၎င်းပျော်ရွှင် ဝမ်းမြောက်သွားလေပြီ ယခုမှ ကျွန်ုပ်မိခင်သည် အေးချမ်းသက် သာစွာဖြင့် ရှိနေသည်။ ကဗရ်သင်္ချိုင်းအတွင်း၌ အဇာဗ်ပြစ် ဒဏ်မှ လွှန်မြောက်သွားလေပြီ ယခုမှ ကျွန်ုပ်မိခင်သည် အေးချမ်းသက်သာစွာဖြင့် ရှိနေသည်။ကဗရ်သင်္ချိုင်း၏ အပြစ်ဒဏ်ခတ်ခြင်းသည်လည်း ကုန်ဆုံး သွားလေပြီ ဟုပြောဆိုလေတော့သည်။ ထိုသူတော်စင်က မိန့်သည်မှာ ဤဖြစ်ပျက်အကြောင်းရပ် အဖြစ် ကျွန်ုပ်အချက် နှစ်ချက်ကိုရရှိ၏။ ပထမအချက်မှာ ကလေမာတော်အကြိမ် ခုနှစ်သောင်း ဖတ်ရွတ်ခြင်းနှင့် ပက်သက်သော ဆင့်ပြန်ချက် ထိုဆင့်ပြန်ချက်သည် ကျွန်ုပ်၏ ထံသို့ ရောက်ရှိလာခြင်းအပေါ် စူးစမ်းစီစစ်ခြင်း မလိုအပ်တော့ပေ။ ဤဆင့်ပြန်ချက်၏ မှန်ကန်ချက်နှင့် ပက်သက်ပြီး စိတ်တည်ငြိမ်အေးချမ်းမှုကို ရရှိခဲ့ပေသည်။ အဘယ်သို့ဆိုသော် ကျွန်ုပ်ကိုယ်တိုင် လက်တွေ့စမ်းသပ်ခဲ့ သည်။ ဒုတိယအချက်မှာ ကျွန်ုပ်သည် ဤ(မဂ်ျဇူးဗ်)အလ္လာအချစ်ရူးနှင့် ပက်သက်၍ သံသယရှိခဲ့ရာ ၎င်းသည် အစစ်အမှန်လာရူးချင်ယောင် ဆောင်နေသလား ဆိုသည်ကို ခွဲခြားရန် အခက်အခဲရှိခဲ့၏ ယခုအခက်အခဲနှင့် သံသယသည်လည်း ကင်းဝေးသွားခဲ့လေသည်။ ကျွန်ုပ်၏ အထင်လွဲမှားမှုသည်လည်း ပပျောက်သွားခဲ့ပြီး ကျွန်ုပ်၏ စိတ်တည်ငြိမ်အေးချမ်းမှုကို ရရှိခဲ့လေသည်။

# မသေမီအလျှင်သေခြင်းအတွက်ကြိုတင်ပြင်ဆင်မှု

အလ္လာအရှင်မြတ်သည် ကျွန်ုပ်တို့အတွက် တမလွန်၏ ကြားစခန်းဖြစ်သော (အာလန်မ်းမေ့ဘရ်ဇခ်)တွင် ကရုဏာ၏ အကြောင်းခံများကို ပြုလုပ်ထားသည်။ အကယ်၍ လောကီသားတို့သည် ၎င်းကွယ်လွန်သူတို့အား ကုသိုလ်စဝါဗ်များ ပို့သပေးနေခြင်းဖြင့် ၎င်းထိုသူတို့အတွက် လွတ်ငြိမ်းချမ်းသာခြင်း တောင်းဆုကို ပြုပေးနေပါလျှင် သို့ရှိရာ ထိုကြားစခန်း၌လည်း လွတ်ငြိမ်းချမ်းမှု၏ အကြောင်းခံဖြစ်ရှိသွားနိုင်ပေမည်။ ထို့ကြောင့် ဘရ်ဇခ် ကြားစခန်းသားတို့သည်။ စောင့်မျှော်နေလျှက်ပင် ရှိနေကြ သည်။ သို့ရှိရာ ၎င်းတို့အရင် ကျွန်ုပ်တို့သည်လည်း (တစ်ကြိမ်တစ်ခါတွင်) စောင့်ဆိုင်းသူများ ဖြစ်ပေအုံးမည်။ မိမိတို့အတွက် လုပ်သင့်လုပ်ထိုက်သော ကြိုတင်ပြင်ဆင်မှု အားလုံးကို ပြုလုပ်သင့်ပေသည်။ အခြားသူများကို ယုံကြည် ကိုးစားမ သင့်ပေ။ လောကီကိစ္စရပ်များတွင် အခြားသူများကို ကိုးစားယုံကြည်မှုမပြုပဲ မိမိကိုယ်တိုင် ကျိုးပမ်းအား ထုတ်သင့်ပေသည်။ ထိုနည်းတူစွာ တမလွန် အတွက်လည်း အလေးအနက် အရေးထားကိုယ် တိုင်ကိုယ်ကြ ကြိုတင်ပြင်ဆင်ရန် လိုအပ်ပေသည်။ ဒုက္ခခံခြင်း၊ ပင်ပန်း ခံခြင်း၊ ကြိုးစားရုန်းကန်ပြီး တမလွန်၏ အောင်မြင်မှုကို တည်ဆောက်ရန် အရေးကြီးလှပေသည်။ ဤလောကကြီးသည် သင်္ခါရဖြစ်ပြီး တမလွန်သည်။ ထာဝရတည်ရှိမည့်အရာ ဖြစ်ပေ

သည်။ အလ္လာရှင်မြတ်ထံ (ကြိုတင်ပို့ထားသော အရာများ သာ ကျန်ရှိမည်ဖြစ်ပြီး) ကျွန်ုပ်တို့လောက၌ စုဆောင်း ထားသော အရာများတို့သည် ကုန်ခန်းများမည်သာ ဖြစ်ပေ သည်။

ကျွန်ုပ်တို့ထံ ရှိသောဥစ္စာပစ္စည်း ကြေးငွေခနေ များ သည် ကုန်ခမ်းသွားမည်သာဖြစ်၍ ၎င်းနောက် အလ္လာထံ တွင်ရှိသော ကောင်းမှုကုသိုလ်များသည် ကျန်ရစ်မည့် အရာများဖြစ်သည်။

ယခုကျွန်ုပ်တို့သည် ပျက်စီးမည့်အရာပေါ်၌ ကြိုးစား အားထုတ်ပြီး ကျန်ရှိမည့် အရာအတွက် မည်သို့မှ ကြိုးပမ်း အားထုတ်ခြင်း ကြိုးစားမှုမရှိခြင်းတို့သည် အသိတရားခေါင်း ပါးခြင်းသာဖြစ်ပေသည်။

# ကွယ်လွန်သူကရှင်နေသူကိုဆုံးမခြင်း

သူတော်စဉ်တစ်ပါးသည် သချိုင်းတစ်ခုမှ ဖြတ်သန်း သွားနေစဉ် ရုတ်တရက် ၎င်း၏ကရာမသ် စွမ်းအားအ ကြောင်းခံဖြင့် အုပ်ဂူထဲရှိ ကွယ်လွန်သူ၏ အခြေအနေကို (ကရှ်ဖ်) အကြားအမြင် ရရှိခဲ့လေသည်။ ၎င်းမြင်တွေ့ရပုံမှာ ကဘာရ်တွင်းရှိ ကွယ်လွန်သူတစ်ဦးသည် လုံးဝအကောင်းပ ကတိ အသက်ရှင်လျှက်ပင် ရှိနေသည်ကိုတွေ့မြင်ခဲ့ရသည်။ ၎င်းက ဆက်လက်၍ စလာမ်ဆိုလိုက် ကဘာရ်ထဲက လူက လည်း ဖြေကြားလိုက်သည်။ တစ်ဖန်ထိုသူတော်စဉ်က

၎င်းကို မေးမြန်းသည်။ အသင်ကဘဝ၌ အဘယ်သို့တွေ့ ကြုံရင်ဆိုင် ခဲ့ရသနည်း? ထိုအခါ ၎င်းက ကျွန်ုပ်အခြေအနေ အလွန်ကောင်းသည် သို့သော် ကျွန်ုပ်အသင်ကို စကား တစ်ခွန်းပြောချင်သည် လောကတွင် ရှိနေစဉ်က ကဗရ်နှင့်ပက်သက်သောအရာများကို ကြားသိခဲ့ရသည့်အတိုင်း ကောင်းမှုကုသိုလ်ပြုကျင့်ပါက ကဗရ်တွင် အေးငြိမ်းသာယာစွာ နေရမည်။ ၎င်းကောင်းမှု၏ အစားကိုလည်းရရှိပြီး မကောင်းမှု အကုသိုလ်များ ကျူးလွန် ခဲ့ပါမူကဘဝ၌ အပြစ်ဒဏ် အဇါဗ်ပေးခြင်းခံရပေ သည်။ ကျွန်ုပ် ဤနေရာသို့ ရောက်ရှိပြီး ကျွန်ုပ်ကြားသိခဲ့ရသောအရာရာတိုင်းကို တွေ့မြင်ခဲ့ရပေသည်။ ကောင်းမှု၏အကျိုး ကျေးဇူးများကို မြင်တွေ့ခဲ့ရသလို မကောင်းမှု၏အပြစ်ဒဏ်ကိုလည်း တွေ့ခဲ့ရသည်။ သို့သော် ဤအရာကိုအားလုံး တွေ့ရပြီးနောက် ကျွန်ုပ်တစ်စုံ တစ်ခုလုပ်လိုပါသည်။ သို့မလုပ်နိုင်ခဲ့ပေ သို့သော် အသင်တို့ ဘာမဆိုလုပ်နိုင်သည်။ သို့သော်အသင်တို့ မလုပ်ကြပေ။ ကျွန်ုပ်တို့က ကဗရ်တွင်မှ မည်သည့်ကောင်းမှု ကုသိုလ်အလုပ်ကိုလုပ်သည်ဖြစ်စေ အကျိုးစဝါဗ် ကုသိုလ်ရမည်မဟုတ်ချေ။ သို့သော် အသင့်အနေနှင့် မည်သည့်ကောင်းမှု ကုသိုလ်ကို လုပ်သည်ဖြစ်စေ ချက်ချင်းလက်ငင်း ကုသိုလ်စဝါဗ်အစားရမည်ဖြစ်ပေသည်။

# စွဖ်ဟာနလ်လ္လာတစ်ကြိမ်ဖ၏အာစားကုရ်အာန် (ခသမ်း)(၇)သောင်းဖတ်ခြင်းနှင့်လဲမည့်အကြောင်း

ကျွန်ုပ်သူငယ်ချင်းတစ်ယောက်က သူဟော်စဉ်တစ်ပါးအကြောင်း ပြောပြခဲ့သည်။ ၎င်းသူတော်စင်သည် ကဗရ်သင်္ချိုင်းတစ်ခုမှ ဖြတ်သန်းသွားနေရင်း ၎င်းသည်ကဗရ်အုတ်ဂူတစ်ခု၏ အခြေအနေကို (ကရှ်ဖ်)အကြားအမြင်ကို ရခဲ့၏။ ၎င်းသူတော်စဉ် တွေ့ရသည်မှာ ကဗရ်အတွင်းရှိ ကွယ်လွန်သူကထထိုင်၍ ကုရ်အာန်ကျမ်းမြတ်တော်ကို ဖတ်ရွတ်သရဇ္ဈာယ် နေမှု၌ နှစ်မွှန်းနေသည် ၎င်းကိုထို သူတော်စင်က မေးမြန်းသည်မှာ ကျွန်ုပ်ကြားသိခဲ့ရသည်။ ကွယ်လွန် သေဆုံးပြီးနောက် မည်သည့်ကောင်းမှု ကုသိုလ်မှ မရှိတော့ ချေ။ ထိုသင်္ချိုင်း၌ နှစ်ခုသော အရာသာရှိနေမည် တစ်ခုမှာ (ကုသိုလ်အစား) စံစားရခြင်းနှင့် နောက်တစ်ခုမှာ အကု သိုလ်ပြစ်ဒဏ်ကို ခံစားရခြင်းသာ ရှိပေသည်။ ၎င်းနောက် ထိုနေရာတွင် ကုရ်အာန်ဖတ်ခြင်း နမာဇ် ဝတ်ပြုခြင်း ဇီကီရ်လုပ်ခြင်း မည်သည့်အရာမှ မရှိဟူ၍သာ ကြားသိခဲ့ရသည်။ သို့သော် အသင် ဤ နေရာတွင် အဘယ်ကြောင့် ကုရ်အာန်ကျမ်းမြတ်ကို ဖတ်ရွတ်နေ ပါသနည်း? ကွယ်လွန်သူက ပြောကြားသည်မှာ မည်သူမဆို လောကမှ တမလွန်၏ ပထမစခန်း (အာလန်မ်မေဘာရ်ဇခ်) သို့ ချေချသောအခါ ဦးစွာပထမ မေးခွန်း(၃)ခုအမေး အဖြေပြုလုပ်ခြင်းခံရမည်။ ထို့နောက် ဆက်လက်ပြော

ကြားမည်မှာ အသင်သည် ဤကဗရ် သင်္ချိုင်းထဲတွင် ကော ယာမသ်တိုင် အသင်တို့ အချိန်ပေး စောင့်ဆိုင်းရမည် ဖြစ်သည်။ သို့ရှိရာ လောကီသားတို့ တစ်ယောက်မကျန် အားလုံးရောက်ရှိ လာပြီးမှ တမလွန်ဆိုသည်မှာ ဖြစ်ပေါ် လာပေလိမ့်မည်။ ထို့ကြောင့် ဤကဗရ် သင်္ချိုင်းသည် အသင်တို့အတွက် စောင့်ဆိုင်းရာ နေရာဌာန တစ်ခုပင် ဖြစ်သည်။ အသင်တို့အဖို့ ဤနေရာတွင် မည်သည့် အလုပ်အကိုင် တစ်စုံတစ်ရာဟူ၍ မရှိပေ၊ အလုပ်အကိုင် မရှိလစ်လပ်သော ဤအချိန်၌ အသင်တို့ ပြင်းရိစ္စာ နေရမည် ထို့ကြောင့် အသင်နှစ်သက်ရာ အလုပ် အကြင် အလုပ်သည် လောကတွင် အသင်ရှိ ခဲ့စဉ်က အလွန် နှစ်သက်မြတ်နိုးခဲ့၏။ ထိုအရာကို ယခုလုပ် ခွင့်ပြုမည် အဘယ်သို့ဆိုသော် ကျွန်ုပ်လောကတွင် အသက် ရှင်လျှက် ရှိခဲ့စဉ်က ကုရ်အာန် ကျမ်းတော်မြတ် ဖတ်ရွတ် သရဇ္ဈာယ် ခြင်းကို အလွန်နှစ်သက် မြတ်နိုးခဲ့သည်။ ဤမျှ တိုင်အောင် ကျွန်ုပ်လျှောက်ထား တောင်းဆိုခဲ့သည်မှာ အကယ်၍ ကျွန်ုပ်အား ကျမ်းမြတ်ကုရ်အာန် ဖတ်ရွတ်ခွင့် ရရှိပါက ကျွန်ုပ်အတွက် လုံလောက်မှု ရှိပေသည်။ သို့ရှိရာ ကျွန်ုပ်ကို ဖတ်ခွင့် ရရှိခဲ့လေသည်။ ထို့ကြောင့် ကျွန်ုပ်အချိန် တိုင်းလိုလိုပင် ကုရ်အာန်ကျမ်းတော်မြတ် ဖတ်ရွတ်လျှက် ပင်ရှိနေသည်။ ထို့နောက် ၎င်းကွယ်လွန်သူ ကျွန်ုပ်သည် ဤကဗရ် ဂူထဲတွင် ကျမ်းမြတ်ကုရ်အာန်ကို အကြိမ်(၇) သောင်းထိ ဖတ်ရွတ်ခဲ့သည်။ ဤသည်ကို အသင့်အားပေး

အပ်ပြီး အသင်(မြေပြင်)ပေါ်တွင် စွပ်ဟာနလ်လ္လာတစ်ကြိမ် ဖတ်ခြင်းကို ကျွန်ုပ်အား ပေးလိုက်ပါ။ ၎င်းကွယ်လွန်သူ၏ စကားရပ်ကြောင့် အလွန်အံ့ဩသွားခဲ့၏၊ စွပ်ဟာနလ်လ္လာ တစ်ကြိမ်ဖတ်ခြင်း ကုသိုလ်စဝါဗ်နှင့် ကုရ်အာန်ခသမ်းပေါင်း (၇)သောင်းကို လဲလှယ်နေခြင်းမှာ ဈေးနှုန်းသက်သာ လွန်းလှသော အရောင်းအဝယ်ကြီးတစ်ခု ဖြစ်နေသည်။ ကွယ်လွန်သူက ဆက်၍ပြောဆိုသည်မှာ အမှန်စင်စစ် အသင် ယခုစကား ပြောဆိုနေသော နေရာမှ စွပ်ဟာနလ် လ္လာတစ်ကြိမ်ဖတ်ရွတ်ခြင်း အကျိုးစဝါဗ်ကုသိုလ် မှာ အလွန်ကြီး မားလွန်းလှပေသည်။ ကျွန်ုပ် ဤကဗရ်မြေ ကျင်း၌ အကြိမ်(၇)သောင်းဖတ်ရွတ်သော ကုရ်အာန်ခသမ်း အကြိမ်(၇) သောင်းသည် အသင်၏ထိုစွပ်ဗဟာနလ်လ္လာ တစ်ကြိမ်ဖတ် ခြင်း၏ ကုသိုလ်စဝါဗ်နှင့် မည်သို့မျှ တူညီနိုင်မှု မရှိပေ။

## အသက်ရှင်ချိန်၌တမလွန်အတွက် ကြိုတင်ပြင်ဆင်မှုပြုလုပ်စို့

ယခုအချိန်တွင်မူ ကျွန်ုပ်တို့သည် လောက၌ အသက် ရှင်လျှက်ရှိနေကြသည်။ ထို့နောက် အချိန်တိုင်းအတွက် စွပ်ဟာနလ်လ္လာ တစ်ကြိမ်ရွတ်ဆို သွားပါမူ ဂျန္နသ်ဥယျာဉ် ၌ သစ်ပင်တစ်ပင် စိုက်ပျိုးလိုက်သည်ဖြစ်မည်။ ကုလ်ဟို ဝလ်လာ (၁၀)ကြိမ်ဖတ်လိုက်ပါမူ ဂျန္နသ်ဥယျာဉ်၌ နန်း

ဆောင်တစ်ခု အသင့်ဖြစ်သွားမည် သို့သော် ကဗရ် သချိုင်းအတွင်း၌ ကုလ်ဟိုဝလ်လာကို (၁၀)သိန်းဖတ်သော်လည်း နန်းဆောင်တစ်ခုပင် ဖြစ်ရှိမည်မဟုတ်ချေ။ ထို့နောက်ကုရ်အာန် ဖတ်ခြင်း၏ ကုသိုလ်စဝါဗ်လည်း ရမည်မဟုတ်ချေ။ ဤအချက်အလက်တို့သည် ကျွန်ုပ်တို့အတွက် အလွန်တစ်ရာ မှတ်သားဖွယ်ရာ ကောင်းလှပေသည်။ သို့သော်လည်း ကျွန်ုပ်တို့မှာ ပြောင်းလဲခြင်းမရှိသောအခြေအနေတိုင်း ရှိနေသေးသည်။ အထက်ဖော်ပြခဲ့ပြီးသော အကြောင်းအရာအတိုင်း နောက်ထပ်အကြောင်းအရာတစ်ခုတွင် ကွယ်လွန်သေဆုံးသူက ပြောခဲ့သည်မှာ ကျွန်ုပ်သည် ဤနေရာသို့ ရောက်ရှိပြီး တွေ့မြင်ခဲ့ရလေသည်။ စွဗ်ဟာနူလ်လ္လာ၏ စဝါဗ်ကုသိုလ် ဤအရာဖြစ်သည်။ အလ်ဟမ်ဒိုလိလ်လ္လား၏ စဝါဗ်ဤအရာဖြစ်သည်။ ကူလ်ဟို ဝလ်လာ၏ ကုသိုလ်စဝါဗ် ဤအရာဖြစ်သည် စသဖြင့် တွေ့ခဲ့ရသည်။ သို့သော်လည်း ယခုဘာမှ မပြုလုပ်နိုင်ခဲ့ပေ။ ၎င်းနောက် အသင်တို့ ယခုရှိနေသော လောက၏အချိန်ကာလ ထိုနေရာတွင် မည်သည့်အရာမဆို ပြုလုပ် နိုင်ပေသည်။ သို့သော် အသင်တို့သည် မည်သည့် အရာကိုမျှ ပြုလုပ်နေခြင်းမရှိ အလ္လာရှင် ကျွန်ုပ်တို့အားလုံးကို အမလ်ကောင်းမှု ပြုကျင့်နိုင်သူအဖြစ် ပြုလုပ်ပေးသနား တော်မူပါစေ(အာမိန်း)။ အကြွင်နေ့တွင် ကျွန်ုပ်တို့သည် အမလ်ကောင်းမှု ပြုကျင့်သူများ ဖြစ်သွားပါမူ ထိုနေ့တွင် အလုပ်အားလုံး အလ္လာရှင်မြတ် အလိုတော်အဖြစ်

ပြီးမြောက်သွားပေလိမ့်မည်။ ၎င်းက ကျွန်ုပ်တို့သည် နားထောင်ခြင်း သက်သက်နှင့် တင်ပြသူသက်သက် အဖြစ် ၌သာ ရှိရှိနေပါမူ ဤမျှတိုင်အောင် ကျွန်ုပ်တို့သည် တမလွန်တွင် လွတ်မြောက်နိုင်စရာ အကြောင်းရှိမည် မဟုတ်ပေ။

## ကျမ်းမြတ်ကုရ်အာန်အကြိမ် တစ်သောင်းရှစ်ထောင်ခသမ်းပတ်ရွတ်ခြင်း

ကျွန်ုပ်၏ဆရာ သခင်ဟဇရသ်မောင်လာနာမုဟမ္မတ်အာရှိစ်ကဲအေလာဟီ ဆွာဟိဗမသဇ္ဇလ်လိုဟွမ်း အကြင်ဆရာ သခင်သည် ယခုလက်ရှိ မဒီနာရွှေမြို့ တော်တွင်နေထိုင် ၏။ ၎င်းသည် တစ်ခါက အလ်ဘလာ(ဂ်)စာစောင်တွင် အလ္လာမာဂျဇရီ(ရဟ)သခင်ကြီး၏ အခြေအနေများနှင့် ပက်သက်၍စာမူတစ်ခုကို ရေးသားခဲ့လေသည်။ ထိုထဲတွင် ၎င်း၏အကြောင်းရာ တစ်ပုဒ်ရေးသား ထားခဲ့သည်မှာ အလ္လာမာသခင်ကြီး၏ နောက်ဆုံး ကွယ်လွန်ချိန်နီးကပ်လာ သောအခါ သခင်ကြီး၏ အမကြီးမှာ သခင်ကြီးခေါင်းရင်းတွင် ထိုင်နေခဲ့သည်။ ထင်ရှားပေါ်လွင်ပေါ်လာသည်မှာ ကွယ်လွန်ချိန်နီးသောသူသည် မျက်လုံး နှစ်လုံးပိတ်လိုက်ပါမူ အသက်ကို ပြင်းပြင်း ထန်ထန်ရှူနေ ရသည်။ ထို့နောက်အနီး အနားရှိ သူတို့မှာ

ထိန်းမနိုင်သိမ်းမရ ငိုကြွေးလေတော့သည် အဘယ်သို့ဆိုသော ကျွန်ုပ်တို့နှင့် ဝင်းမှာများမကြာမီ အချိန်အတွင်း ခွဲခွာခဲ့ရတော့မည် ဖြစ်လေရာ ထို့ကြောင့် သခင်ကြီး၏ အမကြီးမှာ ခေါင်းရင်းတွင် ထိုင်၍ငိုနေသည်။ ထိုသို့ငိုရင်း ရှိုက်သံများ ရပ်သွားသောအခါ သခင်ကြီး မျက်စိပွင့်လာပြီး အမကြီးကို မေးမြန်းသည် အသင်အဘယ်ကြောင့် ငိုနေရသနည်း။ ထိုအခါ အမကြီးက ပြောသည်မှာ မောင်လေး ဤအချိန်သည် ငိုရမည့်အချိန်သာဖြစ်သည်။ အဘယ်သို့ဆိုသော် များမကြာမီ အချိန်နောက်ပိုင်းတွင် အသင်သည် ကျွန်ုပ်တို့နှင့် ခွဲခွါသွားမည်သာဖြစ်သည်။ အသင်၏ ခွဲခွါမှုအပေါ် ငိုနေရခြင်းဖြင်သည်။ ထို့နောက် သခင်ကြီးက မိန့်ရှိသည်မှာ ကျွန်ုပ်ကွယ်လွန်သေဆုံး သွားပြီးနောက် အသင်မငိုလေနှင့် အဘယ်ကြောင့်ဆိုသော် အသင့်မောင်ဖြစ်သူသည် တမလွန်သို့ လက်မဲ့သွားနေသူ မဟုတ်ပါ။ ထို့နောက် အိမ်၏ ထောင့်တစ်ထောင့်ကို ညွှန်ပြလေ၏ ထိုနေရာတွင် ကျမ်းမြတ်ကုရ်အာန်ကို အကြိမ် သောင်းရှစ်ထောင်ခသမ် ကုန်အောင်ဖတ်ခဲ့သည်။ ကျွန်ုပ်သည် အလ္လာအရှင်မြတ်၏ ဂရုဏာတော်ကို အလွန်တစ်ရာ မျှော်ကိုးပါ၏ ထိုအရှင်သည် ကျွန်ုပ်ကို အလွန်ငြိမ်းချမ်းသာယာမှု ပြုပေလိမ့်မည်။ အဘယ်သို့ဆိုသော် ဤအကြောင်းအရာတို့သည် ကျွန်ုပ်၏စွမ်းရည်မဟုတ်ပါ။ ကျွန်ုပ်တွင် မည်သို့မှ တက်စွမ်းနိုင် သောအင်အားမရှိ ဤကဲ့သို့ ကုရ်အာန်ဖတ် ရွတ်နိုင်ခြင်း တို့သည်

အရှင်မြတ်၏ ကျေးဇူးတော်ဖြင့်သာ ဖတ်ရွတ်သရဇ္ဈာယ်နိုင်ခဲ့ခြင်းဖြစ်သည်။ သို့ဖြစ်ရာ ကျွန်ုပ် မျှော်လင့်ပါသည်။ ထိုအရှင်က ကျွန်ုပ်ကို ကုသိုလ်မှ လက်မဲ့ထားလိုက်မည်မဟုတ်ချေ။ သို့သာမက စထက် တပိုးတိုးလို့သာ ပေးမည်ဖြစ်ပါသည်။ ဟာဇရသ် မော်လါနာ အာရှိက်အေလာဟီသွင်ကဆက် လက်ရေးသားထားသည်မှာ ဤအကြိမ်ပေါင်း တစ်သောင်း ရှစ်ထောင်အထိ ကုရ်အာန်ခသမ်းဖတ်ရွတ်ခဲ့ခြင်းသည်။ မိမိနေအိမ်၏ ထောင်တစ်နေရာတွင်ဖတ်ခဲ့သည်သာဖြစ်သည်။ ထို့အ ပြင် အခြားနေရာများတွင်ကုရ်အာန်ကျမ်းမြတ် ခသမ်းကုန်အောင် ဖတ်ခဲ့သောအခါများလည်း ရှိပေသေးသည်။ အကယ်၍ ၎င်း၏ဖတ်ရွတ်သရဇ္ဈာယ်မှု့ အားလုံးကို စုပေါင်းတွက်ချက်လိုက်ပါကနှစ်သောင်း လေးထောင် ဖြစ်ရှိသွားပေသည်။

*အလ္လာဟို့အက္ကာဘရ်*

## သူတော်စင်တို့၏အချိန်ကာလများတွင် ဘရ်ကသ်မင်္ဂလာတိုးပွားမှုရှိခြင်း

အမှန်စင်စစ် အလ္လာအရှင်မြတ်သည် သူတော်စင်များ၏ အချိန်ကာလတွင် ဘရ်ကသ်တိုးပွားမှုကို ထည့်သွင်းပေးတော်မူသည်။ ကျွန်ုပ်တို့ ကုရ်အာန်ကျမ်းမြတ် တစ်ပါရာဖတ်ရွတ်ပါက နာရီဝက်ခန့်ကြာပေမည်။ ၎င်းတို့ တစ်ပါရာတွင် ကျွန်ုပ်တို့ထက်ပို၍ မှန်ကန်ပီသခြင်းနှင့် (၁၀)မိနစ်

အတွင်း ကုန်အောင်ဖတ်နိုင်ပေသည်။ ၎င်းတို့ (၁၀)မိနစ်နှင့် ဖတ်ရွတ်သည်ဟု ဆိုရာတွင် မြန်မြန်ဆန်ဆန် ဖတ်သည် လည်းမဟုတ်ပေ။ သို့သာမက အလ္လာအရှင်မြတ် သည် ၎င်းတို့၏ အချိန်ကာလ၌ ဘရ်ကသ်ရှည်လျှားမှုကို ထဲ့သွင်း ပေးတော်မူလေသည်။ ၎င်းတို့၏ အချိန်ကာလ အနည်း ငယ်အတွင်း အလုပ်ပေးတော်မူလေသည်။ ပမာပြဆိုရ သော် သားရေကြိုးတစ်ကိုက်ကို ဆွဲဆန့်လိုက်ပါမူ (၁၀) ကိုက်ခန့် ရှည်လျှားသွားပေမည်။ ဤနည်းအတိုင်း အချိန် ကာလမှာ နည်းပေသည်။ ကျွန်ုပ်တို့ လူသာမန်များ နှင့်ခြား နားခြင်းမှ ကျွန်ုပ်တို့အတွက် သားရေကြိုးကဲ့သို့ တစ်ကိုက် ၎င်းတို့အတွက် (၁၀)ကိုက်ကဲ့သို့သာမက ကိုက် (၁၀၀)ပင် ဖြစ်ရှိသွားပေသည်။ ထို့ကြောင့် ၎င်းတို့၏ အံ့ဖွယ်ဆန်း ကြယ်မှုမှာ အချိန်အနည်းငယ်အတွင်းမှာပင် အလုပ် ပေါင်းမြောက်များစွာကို ပြုလုပ်ပြီးစီးသွား နိုင်ကြပေသည်။

## ဟာဇရ်သ်ရှာ းအစ္စမာ အီးလ်(ရဟ )သွင်ကြီး၏ ကရာ မသ်အံ့ဖွယ်ဖြစ်ရပ်ဆန်းတစ်ခု

ဟာဇရ်သ်ရှား အစ္စမာအိလ်ရှဟီးဒ်(ရဟ်မသွလ်လ္လာ အလိုင်)သွင်ကြီး၏ ကရာမသ် အံ့ဖွယ်ဆန်းကြ ယ်မှု တစ်ခု မှာသွင်ကြီးသည် အစ္စရ်နှင့်မဂ်ရိဗ် အချိန်အဝ ကုရ်အာန် ကျမ်းတော်မြတ် တစ်အုပ်လုံးကုန်အောင် ဖတ်ရွတ်နိုင်ခဲ့

လေသည်။ သို့ရှိရာ တစ်ခါက ဟာဇရသ်ဆိုင်ယဒ် မော်လာနာ အဗ္ဗဒူလ်ဟိုင်(ရဟ်မသွလ်လ္လာအလိုင်)သွင်ကြီး တရားဓမ္မဟောပြောခဲ့လေသည်။ ထိုအစီအစဉ်တွင် ဟာဇရသ်ရှားမိုဟမ္မဒ်အစ္စမာအီလ်(ရသ)သွင်ကြီးလည်း ရှိ နေခဲ့သည်။ တရားဟောနေသော ဆရာသွင်ကြီးက မိမိဟောပြောနေသော အစီအစဉ်ထဲတွင် ထဲ့သွင်းဟော ပြောသည်မှာ ယခုဤတရားပွဲတွင် ဤကဲ့သို့သော ပုဂ္ဂိုလ် တစ်ပါးလည်း ပါဝင်လျှက်နေသည်။ အကြင်ပုဂ္ဂိုလ်သည် အစ္စရ်နှင့် မင်္ဂရိဗ်အချိန်အထိတွင် ကုရ်အာန်ကို တစ်ခသမ်း ကုန်အောင် ဖတ်ရွတ်သရဇ္ဈယ်နိုင်သည်။ မည်သူ့ကိုဆိုလိုနေသည်ဟု တရားနာနေသူများက သဘောပေါက်သွားကြသည်။ သို့ရှိရာ တရားပွဲပြီးဆုံးသွားသည်နှင့် တစ်ပြိုင်နက် လူတို့က ဟာဇရသ်ရှား အစ္စမာအီလ်သွင်ကြီး အနီးနားသို့ အားလုံးဝိုင်းအုံလာလေတော့သည်။ ဤအံ့ဖွယ်ဆန်းကြယ်သော ကရာမသ်ကို ပြသပါဟု အားလုံးကအနူးအညွတ် ပန်ကြား တောင်းဆိုကြလေတော့သည်။ သို့ရှိရာ သွင်ကြီး က လက်ခံသဘောတူလိုက်လေ၏။ အစ္စရ်နမာဇ် ဖတ်ပြီးနောက် (ဂွန်မသီ)အမည်ရှိ တံတားပေါ်တွင် ရောက်ရှိသွားပြီး ရှိရှိသမျှ လူထုပရိတ်သတ်များကလည်း ထိုနေရာသို့ရောက်ရှိသွားခဲ့ကြသည်။ သွင်ကြီးမှာ ကျမ်းမြတ် ကုရ်အာန်အစ (အလီဖ်လာမ်းမီမ်း)ကို စတင်၍ဖတ်ရွတ်လေတော့သည်။ တစ်စတစ်စနှင့် တောင်စွယ်နေကွယ်ပါတော့မည် အစ္စရ်နှင့် မင်္ဂရိဗ်အထိ အချိန်မှာ တစ်နာရီခွဲ

သာ ရှိနေခဲ့ရာ သို့သော် သွင်ကြီးမှာ လူထုပရိတ် သတ်ရှေ့မှောက်တွင် ကျမ်းမြတ်ကုရ်အာန်ကို မှန်ကန်ပီသ ဌာန်ကရိုဏ်းကျကျ ဖတ်ရွတ်သရဇ္ဈာယ် ပြသခဲ့လေသည်။ ဤနည်းအတိုင်း ဤသူတော်စင်များ၏ အချိန်ကာလကို အလ္လာအရှင် ဘရ်ကတ်တိုးပွားမှု ပြုထားတော်မူပေသည်။

## ကုသိုလ်အကျိုး စဝါဗ် သိန်းနှစ်ဆယ်

ကလေမာတော်နှင့် နောက်ထပ်ဖတ်ရွတ်စရာ တစ်ခုကိုတွဲဖက်လိုက်ခြင်းဖြင့် ကုသိုလ်အကျိုး စဝါဗ်သိန်းနှစ်ဆယ် ရရှိမည်ဖြစ်ပေသည်။ အကြင်အရာ ဖတ်ရွတ်ရာတွင် အလွန်လွယ်ကူလွန်းလှပြီး ကုသိုလ်အကျိုး စဝါဗ်မှလည်း အလွန်တစ်ရာ ကြီးမားလွန်းလှပေသည်။ ထိုကလေမာတော်မှာ . . .

လာအေလာဟာ့ အိလ်လလ်လ္လာဟို့ ဝဟ်ဒဟူ လာရှရီ ကလဟူး အဟ်ဒန် စွမဒန် လန်မ်းရလိဒ် ဝလန်းမ်ယူလဒ် ဝလန်မ်း ယကုလ် လဟူ ကုဖို့ဝန်မ်း အဟာဒ်။

ဤကလေမာတော်သည် အဘယ်မျှ လွယ်ကူလွန်းလှပေသည်။ ထိုကလေမာတော်တွင် ကုလ်ဟိုဝလ်လ္လာ တစ်ဝက်ပါရှိနေသည် အစပိုင်းတွင် ပထမကလေမာ ပါရှိပြီး နှစ်ပိုင်းစလုံး၏ အလယ်တွင် အဟ်ဒန် စွမဒန် စာလုံးအသစ် နှစ်ခုသာပါ၏။ ဤကလေမာတော်၏ ထူးမြတ်ခြင်းမှာ အကယ်၍ မည်သူမဆို ဤကလေမာတော်ကို

တစ်ကြိမ်ဖတ်ရွတ် လိုက်ခြင်းဖြင့် ကုသိုလ်အကျိုး စဝါဗ သိန်းနှစ်ဆယ် ရရှိမည် ဖြစ်ပေသည်။ ကျွန်ုပ်တို့၏ ယခု အသက်ရှင်လျှက်ရှိသော ဘဝသက်တမ်းသည် မည်မျှတန် ဘိုးရှိနေသည်ကို ခန့်မှန်းသုံးသပ်နိုင်သည်။ ကျွန်ုပ်တို့သည် (ဤသက်တမ်းတွင်) တမလွန်၏ အဘယ်မျှသော အကျိုး အမြတ်ကြီးကို လွယ်လင့်တကူ ရှာဖွေစုဆောင်း နေနိုင် သည် အကယ်၍ လောကတွင် တစ်ဦးတစ်ယောက် ငွေ သိန်းနှစ်ဆယ် စက္ကန့်၊ မိနစ်ပိုင်းအတွင်း ရှာဖွေလိုပါက မရနိုင်ပေ။ သို့သာမက မိနစ်အနည်းငယ်၊ နာရီပိုင်း၊ လပိုင်း တွင် ရှာသော်လည်း မရနိုင်ပေ။ ၎င်းနောက် အကယ်၍ တစ်ဦးတစ်ယောက်က ဤကလေမာတော်ကို (၅)ကြိမ်သာ ဖတ်ရွတ်လိုက်ခြင်းဖြင့် ကုသိုလ်အကျိုးစဝါဗ သိန်းတစ်ရာ ရရှိသွားမည်ဖြစ်ပေသည်။ ဤသည်ကိုပင် မိမိအတွက် နေ့စဉ်ဖတ်ရွတ်ရန် ကျင့်စဉ်တစ်ရပ်အဖြစ် သတ်မှတ်ကြပါစို့ နမာဇ်အချိန်တိုင်းအတွက် ပလီကျောင်းတော်သို့ လာသော အခါ ငါးကြိမ်ဖတ်ပြီး ပလီမှ ပြန်သောအခါ (၅)ကြိမ်ဖတ် ရွတ်ပါလေ ၎င်းနောက် ထိုဖတ်ရွတ်ခြင်း၏ ကုသိုလ်အကျိုး စဝါဗကို မိမိတို့၏ မိဘနှစ်ပါးနှင့် မိသားစု မိမိ၏သူတော် စင်များ လမ်းညွှန်မှုပေးသော ရှိခ်ဆရာသွင် အကြီးအကဲ တို့အပေါ် ပို့ပေးနိုင်သည်။ အကယ်၍ မိဘနှစ်ပါး အသက် ရှင်လျှက် ရှိနေလျှင်လည်း အသက်ရှင်လျှက်မှာပင် ကုသိုလ် စဝါဗ ပို့ပေးနိုင်ပေသည်။ အဘယ်သို့ဆိုသော် ကွယ်လွန် သေဆုံးသွားပြီးနောက် ၎င်းတို့အပေါ် တာဝန်ဝတ္တရားများ

ရှိနေသလို အသက်ရှင်လျှက် ရှိနေစဉ်မှာလည်း တာဝန်ဝတ္တရားများရှိပေသည်။ ကွယ်လွန်သေဆုံးသွားပြီးနောက်ပိုင်းတွင်လည်း ၎င်းတို့၏ တာဝန်ဝတ္တရား ကျွန်ုပ်တို့အပေါ်တွင် လျှော့နည်းမသွားပေ။ ထို့နောက် အီစါလေစဝါဗ်ကုသိုလ်ပို့ပေမှုတွင် မိမိသားသမီးများကိုလည်း ထည့်သွင်းသင့်ပေသည်။ ၎င်းတို့အပေါ် ကျွန်ုပ်တို့တွင် တာဝန်ရှိနေသကဲ့သို့ (ထိုသားသမီးများ)အပေါ်တွင်လည်း ကျွန်ုပ်တို့အတွက် ထမ်းဆောင်ရန် တာဝန်ဝတ္တရားများ ရှိနေပေသေးသည်။ သို့ရှိရာ ပလီသို့ သွားလာနေရင်းပင် ဤကျင့်စဉ်များကို ပြုမူဆောင်ရွက်လိုက်ခြင်းဖြင့် နာမာဇ်လည်းဖတ် ဖြစ်သွားပြီး အီစွာလေ စဝါဗ်ကုသိုလ် ပို့ပေးသောကျင့်စဉ်ကိုလည်း ပူးတွဲလွယ်လင့်တကူ ကျင့်သုံးသွားနိုင်ပေမည်။

## ရှရီအသ်တရားတော်နှင့်အညီအီစာလေစဝါဗ်ကုသိုလ်ပို့ပေးခြင်း၏အကျိုးကျေးဇူးများ

စုပေါင်း၍ ကုရ်အာန်ခသမ်း အကုန်ဖတ်ရွတ်ခြင်းလုပ်ရပ်မှ **အမှန်စင်စစ် ကျွန်ုပ်တို့ ကိုယ်တိုင် မိမိတို့ဖက်မှ ပြုလုပ်တီထွင်ထားသော လုပ်ရပ်ဖြစ်၍** ထိုလုပ်ရပ်ထဲတွင် အခက်အခဲ အကျပ်အတည်း ဆုံးရှုံးနစ်နာခြင်းနှင့် အန္တရာယ်များနှင့် ပြည့်နှက်လျှက် ရှိနေသည်။ ၎င်းနောက် ရှရီအသ်တရားတော်၏ နည်းစနစ်အရ တစ်ဦးတစ်ယောက်

ခြင်း ဖတ်ရွတ်သရဇ္ဈာယ်မှုတွင် မည်၍မည်မျှဖတ်ခြင်း သတ်မှတ်ချက်မရှိခြင်း၊ အချိန်မသတ်မှတ်ထားခြင်းနှင့် သီးသန့်ရက် မသတ်မှတ်ထားခြင်း တို့ကြောင့် အကယ်၍ ထိုကျင့်စဉ် နည်းစနစ်အတိုင်း ကျင့်သုံးသွားပါမူ မှန်ကန်ခြင်းရှိပေမည်။ ထို့နောက် ရှုရိအသ် တရားတော်နှင့်အညီ ဖြစ်ပေမည်။ ထိုသို့သော ပြုမူခြင်းတွင် စိတ်စေတနာ ဖြူစင်မှုလည်း ရှိနေမည်။ သို့သာမက ဤသို့ဆောင်ရွက်ခြင်း အပေါ် အလွန်ကြီးမားသော ကုသိုလ်စဝါဝ်[illegible]ဟု ဂတိတော် လာရှိသည့်အတိုင်း ထိုအရာကိုလည်း [illegible] အရှင်မြတ် အလိုတော်ဖြင့် ရရှိသွားမည်ဖြစ်ပေသည်။ [illegible] လေစဝါဝ် ကုသိုလ်ပို့ခြင်း၏ ရည်ရွယ်ချက်အတိုင်း ကွယ်လွန်သေဆုံး သွားသူထံသို့လည်း ကုသိုလ်အကျိုး စဝါဝ်များလည်း ရောက်ရှိမည်ဖြစ်ပေသည်။ အကယ်၍ ဓလေ့ထုံးစံ လူတို့၏ အစဉ်အလာများအရ ပြုကျင့်ခဲ့ခြင်းဖြင့် မိမိ ကိုယ်တိုင်ပင် ကုသိုလ်အကျိုး စဝါဝ်မရရှိပဲ ရှိနေရာ သေဆုံး ကွယ်လွန်သို့ ကုသိုလ် စဝါဝ်မည်သို့ ရရှိနိုင်မည်နည်း၊ ကုသိုလ်ရောက်ရှိခြင်းမှာ ဝေးလေစွ သို့သာမက ဓလေ့ ထုံးစံတစ်ခုကို ရုပ်လုံးဖေါ်ခြင်းသာ ဖြစ်ပေမည်။ ဤသို့ ပြုခြင်းဖြင့် ကွယ်လွန်သေဆုံး သူလည်းမည်သို့မှ အကျိုးသက်ရောက်နိုင်ခြင်း မရှိသလို ရှင်နေသူများကိုလည်းမည်သို့မှ အကျိုးသက်ရောက်နိုင်မှု မရှိခြင်းနှင့် ရှင်နေသူ များကိုလည်းမည်သို့မှ အကျိုးသက်ရောက်ခြင်း မရှိပေ သို့သာမက အားလုံးကို ဒုက္ခထဲ နစ်မွန်းစေခြင်း

တစ်ရပ်သာ ဖြစ်ချေ၏။ စွန့်လွှတ် လမ်းစဉ်နှင့်အညီ ပြုကျင့်ခြင်းအားဖြင့် လွယ်ကူခြင်း သက်သာခြင်းနှင့် အစဉ်ပြေ ချောမွေ့မှုရှိပေမည်။ ထို့နောက် တမလွန် အာခေရသ်တွင်လည်း အကျိုးစဝါဗ်ကို ရရှိမည်ဖြစ်ပေသည်။

## အီစာလေစဝါဗ်ကုသိုလ်ကောင်းမှု၏ မှန်ကန်သောနည်းလမ်းတစ်ခု

မေးခွန်းတစ်ရပ်ထုတ်စရာဖြစ်လာသည်။ အီစာလေစဝါဗ်ကုသိုလ် မှန်ကန်သော နည်းဖြင့် ပြုလုပ်ခြင်းက အဘယ်နည်း? သို့ရှိရာ အီစွလေစဝါဗ် ပို့သနည်းမှာ ဤသို့ ဖြစ်ပေသည်။ မည်သည့်ကောင်းမြတ်သော အလုပ်မဆို ပြုလုပ်ပြီးတိုင်း ဤသို့တောင်းဆုဒိုအာ ပြုလုပ်ရမည်။ အိုအလ္လာအရှင်မြတ် ကျွန်ုပ်ပြုကျင့်ခဲ့သော ကောင်းမှု၏ အကျိုးကုသိုလ်ကို အပြည့်အဝ ပေးသနားတော်မူပါ။ ၎င်းနောက် ဤကောင်းမှု အကျိုးစဝါဗ် ကုသိုလ်ကို အကြင်သူ၏ ဝိညာဉ်ပေါ်သို့ ပို့ပေးသနားတော်မူပါ ကျွန် တော်မျိုး၏ ညီအကို၊ မောင်နှမများ အပေါ်သို့ ပို့ပေးသနားတော်မူပါ။ အချုပ်အားဖြင့် ဤနည်းနှင့်သာ အီစာလေစဝါဗ် ပို့ရပေသည်။ အကယ်၍ မိမိအနေဖြင့် အွမ္မသ်ထု တစ်ရပ်လုံးအပေါ်သို့ ပို့ပေးရန် ဆန္ဒရှိပါမူ ဤသို့ဒိုအာ တောင်းဆုပြုရပေမည်။ အို . . . **အလ္လာအရှင်မြတ် ကျွန်တော်မျိုးပြု**

ကျင့်ခဲ့သော ကောင်းမှု၏ အကျိုးကုသိုလ် စဝါဗ်ကို အပြည့် အဝ ချီးမြှင့်ပေးသနားတော်မူပါ။ ၎င်းနောက် ထိုကောင်းမှု ကုသိုလ် အကျိုးစဝါဗ်များကို နှစ်ဘဝသခွင် ကျေးဇူးတော် ရှင် တမန်တော် မိုဟမ္မဒ်စွလ်လဲလ္လဟိုအလိုင်ဟေ့ဝစလ် လာန်မ်းသခွင်အပေါ် သို့၎င်း၊ ပွင့်လေပြီးသော နဗီတမန်တော် မြတ်များ အားလုံးအပေါ် သို့၎င်း၊ တမန်တော်မြတ်ကြီး၏ ခလီဖာတော် (၄)ပါးတို့အပေါ် သို့၎င်း၊ တမန်တော်မြတ်ကြီး မိသားစုတော်မြတ်အပေါ် သို့၎င်း၊ အားလုံးသော စဟာ ဘာအများပေါ် သို့၎င်း၊ သာဗေအီန်းများ သဗသာဗေအီများ အေမာမ်သခွင်ကြီးများ သူတော်စင်များ၊ ဟာဇရသ်အာဒံ အလိုင်စလာမ် မှစ၍ ယနေ့တိုင်မွေးဖွားလာခဲ့သော မွတ် စလင်မ်များ၊ ကေယာမသ်တိုင်အောင် မွေးဖွားလာမည့် မွတ်စလင်များ၊ ကွယ်လွန်သေဆုံးသွားသူများ အသက်ရှင် လျှက် ရှိနေသူများ ၎င်းတို့ထဲတွင် အမျိုးသားများ၊ အမျိုး သမီးများကို၎င်း ဂျင်းသတ္တဝါ (ဖန်ဆင်းခံများကိုလည်း ထည့်သွင်းနိုင်သည်) အပေါ် သို့ပို့ပေး သနားတော်မူဟုဆို၍ စဝါဗ်ကုသိုလ် ပို့ပေးနိုင်ပေသည်။ အထက်ဖော်ပြပါ နည်းလမ်းအတိုင်း စဝါဗ်ကုသိုလ် ပို့ပေးနိုင်ပေသည်။ ဤမျှ များပြားသော အရေအတွက်အထိ စဝါဗ်ကုသိုလ် ပို့ပေး ခြင်းအားဖြင့် ကျွန်ုပ်တို့အပေါ်တွင် ဤမျှများပြားသော အရေအတွက်နှင့်အညီ ကုသိုလ်စဝါဗ်ကိုလည်း သီးသန့်ရရှိ

ပေမည်။ ထိုကုသိုလ် စဝ်ဗ်တို့သည် ကျွန်ုပ်တို့၏ (အာမာလ် နာမာ) စာရင်းတွင် ရေးမှတ်ခြင်း ခံရပေမည်။

## သချိုင်းကဘာရ်များသို့သွားရောက်သော စည်းကမ်းနှင့် ကုသိုလ်စဝါဗ်ပို့သခြင်း

အီစာလေစဝါဗ်ကုသိုလ် သချိုင်းကဘာရ်များတွင် သွားရောက်ပို့ပေးခြင်း နည်းလမ်းတစ်ရပ်မှာ မည်သည့်အခါ ကဘာရ်သချိုင်းများသို့ သွားလိုပါမူ သချိုင်းသို့ ဝင်ရောက်သွားသောအခါ ပထမဆုံး ကဘာရ် မြေပုံကိုတွေ့လျှင် တွေ့ခြင်း

အက်စလာမို့အားလိုင်ကွမ်းယာ အဟ်လလ်ကိုဗူးရ် ဟုစလာမ် မေတ္တာပို့သရသည်။ ထို့နောက် ကဘာရ် မြေပုံများ အပေါ်မှ နင်းဖြတ်လျှောက်မသွားရ။ သို့သာမက သတ်မှတ်ပြုလုပ်ထားသော သီးခြားလမ်းများပေါ်မှ လျှောက်ရမည် တဖန်မိမိသွားလိုသော ကဘာရ်မြေပုံရှိရာသို့ ရောက်သွားရန် နည်းစနစ်မှာ ထိုကဘာရ်၏ ခြေရင်းဖက်မှ ဝင်ရောက်ပြီး (ကွယ်လွန်သူ၏) ရင်ဘတ်တည့်တည့်တွင် ရပ်နေရမည်။ ကျွန်ုပ်တို့၏ မျက်နှာသည် ကွယ်လွန်သူ မျက်နှာဖက်သို့

မျက်နှာမူထားရမည်။ ဥပမာ လူတစ်ယောက်သည် ကိဗ် လာဖက်သို့ မျက်နှာမူ၍ တစောင်းအိပ်စက်နေလျှင် ၎င်း၏ မျက်နှာနှင့် ရင်ဘတ်သည် ကိဗ်လာအနောက်ဖက်သို့ ဖြစ်ရှိ ပေမည် သို့ရှိရာ ၎င်း၏ခြေရင်းဖက်မှ ဝင်ရောက်ခဲ့ပြီး ၎င်း၏ရင်ဘတ်နှင့် အနားသို့ရောက်သောအခါ ရပ်လျှက် ဖြစ်စေ ထိုင်လျှက်ဖြစ်စေ မိမိစိတ်ထဲတွင် ထိုင်ရန် ဆန္ဒရှိပါက ထိုင်နိုင်ပေသည်။

ထို့နောက် စလာမ်နိုးပေးရပေမည်။ သာသနာ့ပညာ ရှင်များ၏ မိန့်ဆိုရေးသားထားချက်များတွင် ၎င်းအသက် ရှင်ခဲ့စဉ်က ၎င်းအပေါ်ထားရှိခဲ့သော ရိုသေမှု၏ အဆင့် အတန်းအတိုင်းပင် ဖြစ်သည်။ အကြွင်နည်းလမ်းအတိုင်း အကြီးအကဲတို့၏ အရှေ့တွင် နှုတ်ပိတ်၍ ရပ်နေခဲ့ကြသည်။ သို့သာမက ၎င်းရှေ့တွင် ယဉ်ကျေးသိမ်မွေ့စွာ ထိုင်ပြီး စကား ပြောခဲ့ရသည်။ (၎င်းအကြီးအကဲတို့) ကွယ်လွန်သေ ဆုံးသွားပြီးနောက်လည်း ထိုနည်းအတိုင်းပင် ဆက်ဆံမှု ပြုရ ပေသည်။ ၎င်းနောက် အချို့သောသူများနှင့် ကျွန်ုပ်တို့ သည်ရပ်လျှက် စကားပြောဆိုလေ့ရှိခဲ့ပြီး စလမ်ပေး ပြော ဆိုလာခဲ့ကြသလို ၎င်းတို့ ကွယ်လွန်ပြီးနောက်လည်း ဤ မှုတိုင်အောင် အဆင့်ထား ဆက်ဆံသမှု ပြုရပေမည်။ ၎င်း တို့၏ ရင်ဘတ်ရှေ့ သွားရပ်ပြီး ဥပမာအားဖြင့် အလ်ဟာမ်ဒို စူရာဖါသေဟာ တစ်ကြိမ်ပြီးနောက် ကုလ်ဟိုဝလ်လ္လာစူရာ သုံးကြိမ်ဖတ်ပြီး ဤသို့ တောင်းဆုပြုရမည်။ အို . . အလ္လာ အရှင်မြတ် ဤဖတ်ရွတ်သရဇ္ဈာယ်ခြင်း၏ ကုသိုလ် အကျိုး

စဝါဒ်ကို ကွယ်လွန်သူ ကျွန်ုပ်၏ဖခင်ကြီးသို့ ပို့ပေးတော်မူပါ ၎င်း၏အဆင့်အတန်းကို မြှင့်တင်ပေးသနားတော်မူပါ။ ၎င်း၏ကဘာရ်ဂူအတွင်း အပြစ်ဒဏ်များ တမလွန်အပြစ်ဒဏ်များမှ လွတ်ငြိမ်းခွင့် ပြုပေးတော်မူပါ။ ကိုယ်တော်ရှင်၏ဂရုဏာတော်ဖြင့် ဂျန္နသ်ဥယျာဉ်သို့ဝင်ရောက်ခွင့်ပြုတော်မူပါ။ ဤအချက်အလက်များကို ဂရုစိုက်အရေးထားထဲ့သွင်း ကောင်းဆိုပြုရမည်။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်တို့၏ ဆုတောင်းမှုသည် ၎င်းတို့အတွက် လွတ်မြောက်ရာ လွတ်မြောက်ကြောင်း၏ အကြောင်းခံဖြစ်သည်။ ၎င်းနောက် စိတ်ပါဝင်စားခြင်း အာရုံစူးစိုက်ခြင်းနှင့် စိတ်စေတနာဖြူစင်စွာဖြင့် ဒိုအာတောင်းဆုပြုပေး၍ နောက်ဆုံးတွင် "အက်စလာမို့အလိုင်ကွမ်" စလာမ်ပေးနှုတ်ဆက်ပါရမည်။ ဤသည်ပင် **အီစာလေစဝါဒ်ပို့သခြင်း၏ နည်းစနစ်အမှန်ပင်ဖြစ်၏ အလ္လာအရှင် ကျွန်ုပ်တို့အား လုံးနှင့် ကျွန်ုပ်တို့၏ ကွယ်လွန်သူ အန်ရ်ဝါအပေါင်းတို့အား ကောင်းကျိုးအထွေထွေ ကုသိုလ်တွေကို ချီးမြှင့်ပေးသနား တော်မူပါစေ။** ၎င်းနောက် စွန္နသ်တော်နည်းစနစ်များအတိုင်း လိုက်နာကျင့် သုံးနိုင်မှု သောင်ဖိးက်စွမ်းအား ပေးသနားတော်မူပါစေ။ အာမိန်း

အလ္လာရှင်လက်ခံသဘောတူတော်မူစေသား . . .

ပြန်ဆိုသူ

မော်လဝီမိုဟာမွဒ်သွာဟိရ်(မဟ်မူဒ်)

ဟာဗစ်ယူနွတ်(စ်)

ရွှေလာဘ်သာသာစရေ၊ ဝဘုပ်ရှိ

အမှတ်(၁၁၄) ဒိုးဆွန့်ပကီလမ်း

(မဂ္ဂဇင်းမယ်ဓာသိ ၊ သာဂလ်)

ကြော/ဘောက်ဂကား ရှုနိုင်ပါကြောင်း